ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 21 June 2017 (၈၉၆၂)

# နေပြည်တော် ဖိုးဇောင်တောင်ကြိုးဝိုင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

၂၀၁၇ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဖိုးဇောင်တောင် ကြိုးဝိုင်းအကွက်အမှတ်(၁၇)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်၍ အောင်သပြေပင်ကို စိုက်ပျိုးပေးသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက သတ်မှတ်နေရာတွင် အောင်သပြေပင်ကို စိုက်ပျိုးပေးပြီး ဒုတိယသမ္မတများက ရတနာတန်းဝင်ကျွန်းပင်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တမလန်းပင်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာပိတောက်ပင်ကို လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်က ပျဉ်းကတိုးပင်ကို လည်းကောင်း သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ ပျိုးပင်များစိုက်ပျိုးနေမှုကို နိုင်ငံတော်သမ္မတ ဦးထင်ကျော် လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**ရန်ကုန်ရေကြီးရေလျှံမှု တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေရှင်းဆောင်ရွက်သွားမည်**

စာမျက်နှာ - ၇

**မြစ်သာတံတား(ဟံသာဝတီ) ဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး**

စာမျက်နှာ - ၁၆

# ရန်ကုန်မြို့ပတ်ရထားစီးခရီးသည်များလုံခြုံရေး ဆောင်ရွက်ပေးထားကြောင်း သိရ



**ရန်ကုန် ဇွန် ၂၀**

ရထားစီးခရီးသည်များ လုံခြုံစိတ်ချစွာ ရထားစီးအဆင်ပြေစေရန်အတွက် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းရှိရထားတွဲဆိုင်းများ၌ ရထားရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးအပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအနေအထားအရ အမှတ်(၁၃)တပ်ခွဲ ရန်ကုန်က မြို့ပတ်လော်ကယ်ရထားများရှိ ရထားစီးခရီးသွားပြည်သူများနှင့်တပ်ဖွဲ့ဝင်များစနစ်တကျဖြစ်စေရန်အတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး အမှတ်(၁၂)တပ်ခွဲ သယ်န်းကျွန်းမှလည်း တပ်ခွဲမှူးတစ်ဦး အထိုင်ချကာ တပ်ဖွဲ့ဝင်များ၏လုံခြုံရေးတာဝန်ဆောင်ရွက်မှုအပိုင်းများနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် လုံခြုံရေးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှသိရသည်။

အမှတ်(၁၄)တပ်ခွဲ အင်းစိန်မှတပ်ခွဲမှူး တာဝန်ထမ်းဆောင်နေသော ဒု-ရဲမှူးစိုးမိုးလွင်က "အမှတ်(၁၄)တပ်ခွဲကနေ မြို့ပတ်ပြေးဆွဲနေတဲ့ရထားအစီး ၂၀ ကို သတ်မှတ်အင်အားအတိုင်း နေ့စဉ်လုံခြုံရေးတာဝန်များကိုခွဲယူပြီး **စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**



ကြေးမုံ

# ငွေကြေးလွှဲပြောင်း တရားမဝင်လမ်းကြောင်း

ငွေကြေးတို့ကို လုပ်ငန်းအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ တရားဝင်စီးဆင်းလွှဲပြောင်းလုပ်ကိုင်ကြရသည်။ ငွေကြေးများကို တရားမဝင်လှည့်ပတ်စီးဆင်းစေသော လုပ်နည်းကိုင်နည်းများမှာ လောင်းကစားနည်းများတွင် အသုံးချလေ့ရှိသည်။ လောင်းကစားခြင်းကို မည်သည့်နည်းဖြင့်ပြုလုပ်သည်ဖြစ်စေ စာရိတ္တပျက်ယွင်းသော အလုပ်ဖြစ်၍ ဘာသာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ တားမြစ်ထားသည်။

လောင်းကစားခြင်းကို ဥပဒေအရတားမြစ်ကန့်သတ်ထားသလို တရားမဝင်ငွေကြေးလွှဲပြောင်းခြင်းကိုလည်း ဥပဒေဖြင့်ပင် တားမြစ်ပိတ်ပင်ထားသည်။ သို့သော် လောင်းကစားခြင်းဖြင့် ငွေကြေးလွှဲပြောင်းခြင်းကို ဥပဒေအရ ခွင့်ပြုမထားသဖြင့် တရားမဝင်တိုးတိုးတိတ်တိတ် လောင်းကစား ပြုလုပ်ကြသည်ကိုတွေ့ရမည်ဖြစ်သည်။ ယခုအခါ ဥပဒေကိုရှောင်ကွင်းနိုင်မည့် လောင်းကစားနည်းသစ်တစ်မျိုးကို ဖန်တီးလုပ်လာသဖြင့် အရေးယူမှုများပြုလုပ်လာသည်ကို ကြားသိရသည်။

ယနေ့ခေတ်လောင်းကစားနည်းကို ဂိမ်းကစားနည်းဖြင့် ပြောင်းလဲလုပ်ကိုင်လာပြီး ငွေကြေးပါသည်ဖြစ်စေ၊ ငွေကြေးမပါသည်ဖြစ်စေ ဂိမ်းကစားသူများ နှစ်သက်စွဲလမ်းကြသည်ကို တွေ့ရသည်။ နိုင်ငံတိုင်းလိုလိုတွင် လောင်းကစားခြင်းကို အားမပေးသဖြင့် ပုန်းလျှိုးကွယ်လျှိုး လောင်းကစားကြရာ လောင်းကစားခြင်းမှ တရားမဝင်ငွေကြေးအလွှဲအပြောင်း ပြုလုပ်မှုများမှာ တစ်နေ့တစ်နေ့လျှင် ငွေကြေးသိန်းသန်းချီရှိနေသည်ဟု ဆိုကြသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများတွင် လောင်းကစားမှုဟုဆိုနိုင်သော တရားမဝင်ငွေကြေးလွှဲပြောင်းမှုများရှိသည်ဟုယူဆသဖြင့် ဆိုင်ရာတာဝန်ရှိသူတို့က ခေတ္တဟန့်တားပိတ်ဆို့မှုပြုလုပ်လာသည်ကို ကြားသိရသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုကို တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်မှစ၍ မြန်မာနိုင်ငံသား ပို့ကုန်/သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီပိတ်သိမ်းထားကြောင်း သိရသည်။

ယင်းသို့ဆိုလျှင် လောင်းကစားမှု ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ကုန်သည်လုပ်ငန်းရှင်များ ထိခိုက်နစ်နာမှုများရှိကြသည့်အပြင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းအတွက် အဟန့်အတားဖြစ်စေမည်ဖြစ်သည်။ ဘဏ်စာရင်းပိတ်သိမ်းမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး အမှုနှင့်မသက်ဆိုင်သော ဘဏ်စာရင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးသွားမည်ဟု သိရသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံသားများအနေဖြင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိရန် အရေးကြီးပေသည်။

ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်က တရုတ်နိုင်ငံ လွေမုန်ကူးပြည်နယ်၊ အန်ဝေပြည်နယ်နှင့် အတွင်းမွန်ဂိုလီးယားတို့တွင် အွန်လိုင်းမှ လောင်းကစားလုပ်ငန်းများလုပ်ကိုင်ပြီး ငွေကြေးများ တရားမဝင် လွှဲပြောင်းခြင်း၊ ငွေသွင်း/ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကြောင့် ရွှေလီမြို့ပေါ်ရှိ ဘဏ်ခွဲများမှ ဘဏ်စာရင်း ၃၄၉ ခုအား စစ်ဆေးရန်အတွက် ခေတ္တပိတ်ထားခဲ့ရာ အဆိုပါပိတ်ထားသော စာရင်းတွင် မြန်မာနိုင်ငံသားပိုင် ဘဏ်စာရင်း ၁၃၂ ခု ပါဝင်နေသည်ဟု ဆိုထားသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တရားဝင်ငွေကြေးများကို နှစ်နိုင်ငံဘဏ်များမှတစ်ဆင့် အသွင်း/အထုတ် လွှဲပြောင်းထုတ်ယူမှုပြုနိုင်ရန် ခွင့်ပြုထားပြီးဖြစ်သော်လည်း ကုန်သွယ်ခြင်းမှရရှိသည့် တရားဝင်ငွေကြေးများကို လောင်းကစားခြင်းတွင် တရားမဝင်ရောနှောလွှဲပြောင်းခြင်း မပြုလုပ်မိရန် အထူးလိုအပ်ပါသည်။ ယခုဖြစ်စဉ်တွင် လောင်းကစားမှုနှင့် မသက်ဆိုင်သော ကုန်ရောင်း/ကုန်ဝယ် တရားဝင်ငွေကြေးများပါ တားဆီးပိတ်ပင်ခြင်းခံထားရသဖြင့် ဥပဒေမဲ့ တရားမဝင်ငွေကြေးစီးဆင်းမှုကို ပြုလုပ်သူတို့ကြောင့် မသက်ဆိုင်သူများ ထိခိုက်နစ်နာမှုများရှိနေသည်။ ထို့ကြောင့် လူအများအား စွဲမက်စေပြီး ထိခိုက်နစ်နာမှုများကိုဖြစ်စေသည့် မည်သည့် လောင်းကစားမှုမျိုးကိုမဆို မပြုလုပ်မိကြစေရန် အကြံပြုတင်ပြလိုက်ပါသည်။ ။

# လယ်ယာသားငါးကဏ္ဍနှင့် ကျေးလက်ဒေသကဏ္ဍများ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇွန် ၁၉ ရက် နံနက် ၁၁ နာရီက ကမ္ဘာ့ဘဏ်အဖွဲ့မှ Senior Health Specialist, Ms. Hnin Hnin Pyne ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ရုံးခန်းမ၌ တွေ့ဆုံ၍ ပြည်သူများ အာဟာရဓာတ်ပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသကဏ္ဍများ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေး၊ စားသုံးသူ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးတို့အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၃ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် သုံးမြို့နယ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်း လေးနှစ်တာကာလအတွင်း မြို့နယ် ၄၇ မြို့နယ်တွင် ရေပေးရေးလုပ်ငန်း ၂၄၉၀ နှင့် ဆေးပေးခန်းပေါင်း ၆၄ ခုအပါအဝင် စုစုပေါင်း စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၃၇၄၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် အာဟာရပြည့်ဝရေးလုပ်ငန်းစဉ်များနှင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးကို တစ်စိတ်တစ်ပိုင်းမှ ထောက်ပံ့ပေးနိုင်မည်ဖြစ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထီးချိုင့်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ထီးချိုင့် ဇွန် ၂၀**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု စုပေါင်း သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကွင်းကြီးအုပ်စု ရွာသစ်ကုန်း အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိဟေမာကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ တို့က ကျွန်းပင် ၁၈၀၊ ခရေပင် ၂၀၊ မဲဇလီပင် ၄၀၊ မဟော်ဂနီပင် ၂၀၊ ပျဉ်းကတိုးပင် ၂၀၊ ကုံ့ကော်ပင် ၂၀ စုစုပေါင်း ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **ကျော်ခဲ(ထီးချိုင့်)**



# မချမ်းဘော-ရှိန်ကိုင်ယန် လမ်းပေါ်တွင် Box Culvert တည်ဆောက်

**မချမ်းဘော ဇွန် ၂၀**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောသီဟနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မချမ်းဘော-ရှိန်ကိုင်ယန်လမ်းပေါ်တွင် (၅ပေ× ၂၄ပေ×၅ပေ)ရှိ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအေးမင်းသူက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

မချမ်းဘောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မွမ်းမံရန်ပုံငွေဖြင့် ကောင်းမှုလုံ-မန်ခို- ပန်ဆပ် လမ်းပေါ်တွင် Box Culvert သုံးစင်း၊ မချမ်းဘော-ရှိန်ကိုင်ယန်လမ်းပေါ်တွင် Box Culvert နှစ်စင်း၊ မချမ်းဘော-ဘင်ခူးလမ်းပေါ်တွင် Box Culvert နှစ်စင်း စုစုပေါင်း Box Culvert ခုနစ်စင်းကို ခွင့်ပြုငွေကျပ် ၃၅ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစီးမှူးထံမှ သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀၊ မန္တလေး(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၅/၆၉၀ ကျပ်၊ | ၆၇၀/၇၀၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၄၀ ကျပ်၊ | ၈၀၅/၈၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၇၁၅ ကျပ်၊ | ၆၉၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၅/၅၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၀/၆၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၇၈/၅၈၅ ကျပ်

**၁၃-၆-၂၀၁၇ ရက်နေ့မှ ၁၉-၆-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၅၈၃ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၀၈ ကျပ်၊ ဒီဇယ် တစ်လီတာ ၅၉၄ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၇ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၁၉. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၈၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၁၃၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၈၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၂. ၂၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

**☆ နေပြည်တော်မှ**

နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မြန်မာပိတောက်၊ မဟော်ဂနီ၊ ယင်းမာ၊ တမာ၊ ငုရွှေ၊ ပန်းမဲဇလီ၊ မဲဇလီ၊ ရေသင်းဝင်၊ စိန်ပန်း၊ ပနားမားငုံ၊ တမလန်း၊ မန်ကျည်း၊ ခရေ၊ မည်စည်၊ သဘော်တည်၊ ပျဉ်းမ၊ သပြေဖြူနှင့် မဏိသြဃ အပါအဝင် ပျိုးပင်စုစုပေါင်း ၄၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဖိုးဇောင်တောင်ကြိုးဝိုင်းသည် လက်ကျန်ဧရိယာ ၈၅၁၇ ဒသမ ၀၉ ဧက ကျယ်ဝန်း၍ အကွက်ပေါင်း ၅၁ ကွက်ရှိပြီး ကြိုးဝိုင်းအတွင်း ဘုံမဲဇာ၊ မအူလက်တံရှည်၊ သံသတ်၊ တရော်၊ လယ်ဇ၊ ပိတောက်၊ ခအောင်း၊ တောမဲဇလီ၊ သဖန်း၊ ဖက်သန်း၊ ရုံး၊ ကြောင်လျှာ၊ သင်းဝင်၊ ဖျောက်ဆိပ်၊ နကျယ်၊ လက်ထုတ်၊ သက်ရင်းကြီး၊ ကျွန်းနလင်း၊ သစ်ကဇော့၊ ဝါးနွယ်၊ မျှင်ဝါးနှင့် ကြသောင်းဝါးတို့ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေး

**နေပြည်တော် ဇွန် ၂၀**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ လျှပ်စစ်မီးရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃ ဒသမ ၂ မိုင်၊ ၁၁/၀. ၄ ကေဗွီ၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာဓာတ်အားခွဲရုံ လေးရုံနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း လေးမိုင်တို့ကို တည်ဆောက်ခဲ့ပြီး ကလေးမြို့(ဓာတ်အားစနစ်)မှ လျှပ်စစ်ဓာတ်အားချိတ်ဆက်၍ ခိုင်ကမ်းမြို့ပေါ် ရပ်ကွက် လေးခုရှိ အိမ်ထောင်စု ၄၂၄ စုအား ဇွန် ၁၇ ရက်မှစတင်၍ လျှပ်စစ်မီးဖြန့်ဖြူးပေးလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားတပ်မတော်အရာရှိကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ တင့်ကားတပ်မဌာနချုပ်အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Army General Sergey K. Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် ဇွန် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Naro-Fominsk မြို့ရှိ တင့်ကားတပ်မဌာနချုပ်ကို သွားရောက်လေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရုရှားတပ်မတော်တွင် အသုံးပြုသည့် လက်နက်ငယ်များနှင့် ချပ်ဝတ်တန်ဆာများကို လေ့လာခြင်း၊ တင့်ကားစွမ်းရည်ပြသမှု၊ လေ့ကျင့်ရေးကွင်းအတွင်း စစ်သည်များ စစ်ပညာလေ့ကျင့်နေမှုများ၊ တစ်ဦးချင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်နေမှုများနှင့် စစ်သည်အိပ်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်ပြီး စက်ပစ်ကွင်းအတွင်း တင့်ကားများ လေ့ကျင့်ပစ်ခတ်နေမှု၊ စစ်သည်များ လေ့ကျင့်ဆောင်ရွက်နေမှု၊ လက်နက်ငယ် ပစ်ခတ်လေ့ကျင့်နေမှု၊ ရုရှားတပ်မတော်ထုတ် တင့်ကားနှင့် စစ်မြေပြင်သုံး မီးဖိုဆောင်တို့ကို လိုက်လံကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai Patrushev နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လုံခြုံရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့်သတင်းများ အပြန်အလှန်လဲလှယ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တရုတ်နိုင်ငံ၌ ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများ ယာယီပိတ်သိမ်းခံရမှုကိစ္စ ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဇွန် ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ မစ္စတာချမ်းချမ်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ လတ်တလော ဖြစ်ပေါ်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများကို ယာယီပိတ်သိမ်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ၎င်းကိစ္စတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုဆောင်ရွက်နေသော မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်အချို့၏ ဘဏ်စာရင်းများပါရှိခဲ့သည့်အတွက် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းအပေါ် အမြန်ဆုံးအဆင်ပြေချောမွေ့စေရေး ကူညီဖြေရှင်းဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့နေသော ဆန်နှင့်ပြောင်းတို့အား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားကိုရှေးရှု၍ တိုးမြှင့်တင်ပို့ခွင့်ပြုနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

တရုတ်နိုင်ငံ သံရုံးယာယီတာဝန်ခံက ရှင်းလင်းတင်ပြရာတွင် တရုတ်နိုင်ငံ၌ Online တွင် လောင်းကစားလုပ်ငန်းများလုပ်ကိုင်ပြီး ငွေကြေးဆိုင်ရာမသမာမှုများ ဖြစ်ပေါ်နေသည်မှာ အချိန်ကာလကြာမြင့်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံ ရဲချုပ်ရုံးမှ တိုက်ရိုက်ကိုင်တွယ်ပြီး ၎င်းကိစ္စရပ်များကို စုံစမ်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ တရုတ်နိုင်ငံအတွင်း ဘဏ်စာရင်းစုစုပေါင်း ၅၀၀၀ ခန့်ကို ယာယီပိတ်သိမ်းခဲ့ပါကြောင်း၊ အများစုမှာ တရုတ်လုပ်ငန်းရှင်များဖြစ်သော်လည်း အခြားနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်အချို့၏ ဘဏ်စာရင်းများလည်းပါဝင်ခဲ့ပါကြောင်း၊ ယခုကိစ္စရပ်ကြောင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် အခက်အခဲများ ဖြစ်ပေါ်နေခြင်းကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ဗဟိုအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့် ယူနန်ပြည်နယ်အစိုးရထံသို့ အစီရင်ခံတင်ပြပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တိုးတက်ဖြစ်ပေါ်မှုများကိုလည်း ချက်ချင်းအသိပေးပြောကြားသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ရန်ကုန်မြို့ပတ်ရထားမှ**

ချထားတာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ ရထားစီးခရီးသည်များအတွက် ရထားရဲတပ်ဖွဲ့ရဲ့ရည်မှန်းချက်(၃)ချက်၊ လုပ်ငန်းတာဝန် (၉)ရပ်နဲ့အညီ ခရီးသည်များ လုံခြုံရေးတာဝန်များကို ဆောင်ရွက်ပေးနေတာပါ။ ကျွန်တော်တို့အတွက် လုံခြုံရေးတာဝန်ဆောင်ရွက်တဲ့အပိုင်းမှာ အခက်အခဲမရှိပေမယ့် မနက်အစောပိုင်းခရီးသည်နည်းပါးတဲ့အချိန်မှာ ခရီးသည်တွေက ရထားပေါ်တက်လာပြီး ပါလာတဲ့ပစ္စည်းတွေကိုချကာ အိပ်ပြီးလိုက်တာလေးတွေတော့ရှိပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေက ခရီးသည်တွေကို အမြန်နိုးဆော်အသိပေးနေရတာလေးတွေတော့ရှိသလို တချို့တန်ဖိုးကြီးလက်ဝတ်လက်စားတွေ ဝတ်ဆင်လာတဲ့ခရီးသည်တွေကိုလည်း သတိပေးဆောင်ရွက်တဲ့အပိုင်းတွေ ပြုလုပ်ပေးနေရပါတယ်။ လက်ရှိ ရထားစီးခရီးသည်တွေအတွက် အသိပညာပေးဟောပြောပွဲတွေပြုလုပ်နေတာမို့ ရထားစီးခရီးသည်တွေအနေနဲ့ လိုက်နာဆောင်ရွက်စေချင်ပါတယ်။ ပြီးတော့ ရထားစီးခရီးသည်တွေအနေနဲ့လည်း ရထားစီးနေခိုက်မှာ ဖုန်းဂိမ်းဆော့ကစားခြင်းနဲ့ အသုံးပြုခြင်းတွေရှိနေတာကြောင့် ဘေးပတ်ဝန်းကျင်က အန္တရာယ်ပြုနိုင်မယ့်အခြေအနေတွေကို သတိထားသင့်ပါတယ်" ဟု ရှင်းပြသည်။

သန်လျင်မြို့နယ်တွင် နေထိုင်သော ရထားစီးခရီးသည် ကိုမျိုးလွင်က "ကျွန်တော်က သမိုင်းဘူတာအနီးမှာ အလုပ်လုပ်နေတာပါ။ YBS ခရီးသည်တင်ယာဉ်လို အဆင့်ဆင့်ပြောင်းစီးရမှာထက်စာရင် ရထားကတော့ ခုလို အဝေးကိုသွားရတာ တစ်ဆင့်ပဲစီးရတာမို့ ပိုအဆင်ပြေပါတယ်။ ဒါပေမယ့်ရထားဘက်မှာလည်း ဘာအားနည်းချက်ရှိလဲဆိုတော့ ရထားတစ်စီးနဲ့တစ်စီးကို အချိန်အကြာကြီး စောင့်နေရတာတော့ ရှိနေပါတယ်။ ကျွန်တော် ရထားစီးလာတဲ့ သက်တမ်းမှာလည်း ခါးပိုက်နှိုက်ခံရတယ်ဆိုတာလည်း မကြားဖူးပါဘူး။ ရထားခရီးစဉ်ကို ခေါက်ရေအချိန်ပုံမှန်နဲ့ ခရီးစဉ်ခေါက်ရေများများ ပြေးဆွဲပေးစေချင်ပါတယ်" ဟု အကြံပြုပြောသည်။

ယခင်က မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် တစ်ရက်လျှင် ပြေးဆွဲခေါက်ရေ ၂၁၅ ခေါက်ကို RBE ရထားတွဲဆိုင်း ကိုးဆိုင်း၊ တွဲဆိုင်းကြီး ၁၄ ဆိုင်းဖြင့် ပြေးဆွဲပေးခဲ့ရာ ယခုအခါ ရထားစီးခရီးသည်များ ပိုမိုများပြားလာသည့်အတွက်ကြောင့် တစ်ရက်လျှင် ပြေးဆွဲခေါက်ရေ ၂၂၀ ဖြင့် ပိုမိုတိုးမြှင့်ပြေးဆွဲပေးလျက်ရှိပြီး RBE ရထားတွဲဆိုင်း ၁၂ ဆိုင်း၊ တွဲဆိုင်းကြီး ၁၃ ဆိုင်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ထို့ပြင် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း၌ မြို့ပတ်ဘူတာ ၃၈ ဘူတာ၊ ဆင်ခြေဖုံးဘူတာ ၁၇ ဘူတာဖြင့် စုစုပေါင်းဘူတာ ၅၅ ဘူတာရှိနေကြောင်း၊ ရထားစီးခရီးသည်ဦးရေမှာ တစ်ရက်လျှင် ပျမ်းမျှဦးရေ ရှစ်သောင်းခွဲခန့်ထိ လိုက်ပါစီးနင်းနေကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-(စိုးဝင်း-MLA)**

## ကျေးရွာများ၏ လျှပ်စစ်စွမ်းအင်သုံးစွဲမှုအခြေအနေများ စစ်တမ်းကောက်ယူလျက်ရှိ

**ကျောက်ဆည် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် ယခုအခါတွင် လျှပ်စစ်စွမ်းအင်များသုံးစွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ကျေးရွာများလျှပ်စစ်သုံးစွဲမှုအခြေအနေများ သိရှိရန်အတွက် စစ်တမ်းများကောက်ယူလျက်ရှိရာ ဇွန် ၂၀ ရက်က ပေါင်လောင်ကြီးကျေးရွာအုပ်စုအတွင်းရှိ လွန်ကျော်ခြံအမှတ်(၁)နှင့်(၂)တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်၏(Energy Sector Management Assistance Program)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းနှင့် စပ်လျဉ်း၍ မြန်မာတစ်နိုင်ငံလုံးကိုယ်စားပြုသော မြန်မာနိုင်ငံစွမ်းအင်ရရှိသုံးစွဲမှု အိမ်ထောင်စုစစ်တမ်းနှင့် မြန်မာနိုင်ငံ အသေးစားဓာတ်အားပေးလုပ်ငန်းစစ်တမ်းတို့အား THIRD EYE ကုမ္ပဏီမှဝန်ထမ်းသုံးဦးတို့က အသေးစိတ်စာရင်းများ ကောက်ယူခဲ့ကြောင်း သိရသည်။

ပေါင်လောင်ကြီးကျေးရွာသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လျှပ်စစ်မီးစတင်သုံးစွဲခဲ့ပြီး လွန်ကျော်ခြံအမှတ်(၁)နှင့်(၂)တို့သည် ၁၉၉၆ ခုနှစ်တွင် လျှပ်စစ်မီးစတင်သုံးစွဲမှုစတင်ကာ ယခုအခါတွင် အိမ်ခြေ ၁၇၉ အိမ်နှင့် လူဦးရေ ၇၁၆ ဦး လျှပ်စစ်မီးသုံးစွဲနေပြီး ၎င်းအိမ်ထောင်စုများထဲမှ အိမ်ထောင်စု ၁၅ စုကို ကျပန်းရွေးချယ်ပြီး လျှပ်စစ်ဖြင့် စွမ်းအင်သုံးစွဲမှုအခြေအနေများကို သိရှိရန်အတွက် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အီးယူမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ သမိုင်းဝင်ဆွေးနွေးပွဲ ဘရပ်ဆယ်၌ စတင်

**ဘရပ်ဆယ် ဇွန် ၂၀**
ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေးဆိုင်ရာ သမိုင်းဝင် ဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ဇွန် ၁၉ ရက်တွင် စတင်ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီးယူမှ ဗြိတိန်နုတ်ထွက်ရေး (Brexit) ဆိုင်ရာ တရားဝင်ဆွေးနွေးပွဲ၌ နှစ်ဖက်စေ့စပ်ဆွေးနွေးရေးမှူးများက အပြုသဘောဆောင်စွာဖြင့် ဆွေးနွေးနိုင်ရန် ကြိုးပမ်းကြကြောင်း သတင်းတွင် ဖော်ပြသည်။

**လိုလား**

ဗြိတိန်နိုင်ငံသူနိုင်ငံသားများနှင့် ဥရောပတိုက်သူတိုက်သားများအားလုံး၏ အကျိုးစီးပွားအလို့ငှာ အထူးမိတ်ဖက်ပြုဆောင်ရွက်သွားရန် မိမိတို့အစိုးရအဖွဲ့က လိုလားကြောင်း Brexit ဝန်ကြီး ဒေးဗစ်ဒါဗစ်က ပြောကြားသည်။

မိမိတို့ သဘောထားကွဲလွဲနေကြခြင်းထက် သဘောထားစုစည်းညီညွတ်ကြခြင်းက သာလွန်ကောင်းမွန်ကြောင်း၊ ဗြိတိန်နိုင်ငံသည် ဆွေးနွေးပွဲတွင် အပြုသဘောဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဒေးဗစ်က ပြောကြားသည်။

မိမိတို့သည် ဆွေးနွေးရေးလုပ်ငန်းစဉ် ပုံစံနှင့် အချိန်ဇယား သတ်မှတ်ခြင်းတို့နှင့် ပတ်သက်၍ သဘောတူညီချက်ရရှိမည်ဟု မျှော်လင့်ကြောင်း အီးယူ၏ ညှိနှိုင်းဆွေးနွေးရေးမှူးချုပ် မိုက်ကယ်ဘာနီယာက ပြောကြားသည်။ ဘာနီယာသည် ပြင်သစ်ဝန်ကြီးဟောင်းတစ်ဦးဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂနှင့်အတူ နှစ်ပေါင်း ၄၀ ကျော်မျှ ပေါင်းစည်းခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက် လူထုဆန္ဒခံယူပွဲရလဒ်အရ အီးယူမှ နုတ်ထွက်ရန် ပြည်သူတို့ မဲပေးဆုံးဖြတ်ခဲ့သည်။



ဇွန် ၁၉ရက်တွင် ခုနစ်နာရီကြာ ဆွေးနွေးမှု ပြုလုပ်ခဲ့ပြီး အကျိုးဖြစ်ထွန်းစေသော ဆွေးနွေးမှုကို စတင်နိုင်ခဲ့ပြီဖြစ်ကြောင်း အီးယူညှိနှိုင်းရေးမှူးချုပ်ဘာနီယာကပြောကြားသည်။

ဗြိတိန်နိုင်ငံရှိ အီးယူနိုင်ငံသားများ၏ အခွင့်အရေးများကိစ္စ၊ ဗြိတိန်နှင့် အိုင်ယာလန်အကြား နယ်စပ်သဘောတူညီချက်များကိစ္စတို့ အပါအဝင် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဆို၏။

လစဉ် ရက်သတ္တတစ်ပတ်ကြာမြင့်မည့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြသည်။ အနာဂတ်ကာလတွင် အထူးသဖြင့် ကုန်သွယ်ရေးဆက်ဆံမှု အပါအဝင် အီးယူ-ဗြိတိန်ဆက်ဆံရေးကို မျှော်မှန်းကာ အီးယူမှ ဗြိတိန်နုတ်ထွက်မှုကို စနစ်တကျဖြစ်စေရေး အတွက် ဆွေးနွေးမည့် အချိန်ဇယားတစ်ခုကို ဘာနီယာက အဆိုပြုခဲ့သည်။

**ရိုက်တာ၊ ဆင်ဟွာ။**

# ဘာလီကျွန်းရှိ အကျဉ်းထောင်မှ နိုင်ငံခြားသား အကျဉ်းသားလေးဦး ထွက်ပြေးလွတ်မြောက်

**ဒန်ပါဆာ (အင်ဒိုနီးရှား) ဇွန် ၂၀**
အင်ဒိုနီးရှားနိုင်ငံရှိ အပန်းဖြေကျွန်းဖြစ်သော ဘာလီကျွန်း၌ အကျဉ်းသားဦးရေ အဆမတန်များပြားလှသည့် အကျဉ်းထောင်တစ်လုံးမှ ထွက်ပြေးလွတ်မြောက်သွားသော နိုင်ငံခြားသားအကျဉ်းသားလေးဦးကို ရဲတပ်ဖွဲ့က အပူတပြင်း လိုက်လံရှာဖွေလျက်ရှိကြောင်း အာဏာပိုင်များက ဇွန် ၂၀ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

အကျဉ်းထောင်၏ တံတိုင်းနံရံအောက်ဘက်မှ ဥမင်လမ်းတူးဖော်၍ ယင်းဥမင်လမ်းအတိုင်း တွားသွားကာ ထွက်ပြေးလွတ်မြောက်သွားသည့် နိုင်ငံခြားသားအကျဉ်းသားလေးဦးမှာ ဩစတြေးလျနိုင်ငံသားတစ်ဦး၊ ဘူဂေးရီးယားနိုင်ငံသားတစ်ဦး၊ အိန္ဒိယနိုင်ငံသားတစ်ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦးတို့ဖြစ်ကြကြောင်း ဘာလီရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဟန်ကီဝီဂျာဂျာက ပြောကြားသည်။

အကျဉ်းသားများက တူးဆွခဲ့သည့် ဥမင်လမ်းမှာ အလျား ၁၂ မီတာ (၃၉ ပေ) ရှိပြီး ဥမင်လမ်းတူးရန် ရက်သတ္တတစ်ပတ်ကျော်မျှ အချိန်ယူခဲ့ရသည်ဟု ယူဆရကြောင်း ကဲရိုဘိုကန်အမည်ရှိ အကျဉ်းထောင်၏ ထောင်မှူးကြီး တိုနီနိုင်ဂိုလန်က ပြောကြားသည်။




ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားများသည် ယခုအချိန်အထိ ဘာလီကျွန်း၌သာ ရှိနေဆဲဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။

ဥမင်လမ်းမှာ အချင်း ၅၀×၇၅ စင်တီမီတာ (၂၀×၃၀ လက်မ)ရှိသည်ဆို၏။

**ချိုးဖောက်**

အဆိုပါအကျဉ်းထောင်တွင် နိုင်ငံခြားသား အကျဉ်းသားဦးရေ အတန်မျှ ရှိနေကြောင်း၊ ထွက်ပြေးသွားသူ နိုင်ငံခြားသား အကျဉ်းသား လေးဦးမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းများချိုးဖောက်မှုမှသည် မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုကျူးလွန်သည်အထိ ပြစ်မှုအမျိုးမျိုးအတွက် ထောင်ဒဏ် စီရင်ချက်ကျခံနေရသူများဖြစ်ကြောင်း ထောင်မှူးကြီးက ပြောကြားသည်။

**ရိုက်တာ။**

# ဖျက်သင်္ဘောနှင့် တိုက်မိခဲ့သည့် ကုန်သင်္ဘော၏ သင်္ဘောသားများကို အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က စုံစမ်းစစ်ဆေးမည်

**ဝါရှင်တန် ဇွန် ၂၀**
အမေရိကန်ရေတပ်မှ ဖျက်သင်္ဘောတစ်စင်းနှင့် ဖိလစ်ပိုင်အလံလွှင့် ထူထားသည့် ကုန်သေတ္တာတင်သင်္ဘော တစ်စင်းတို့ ဂျပန်ရေပိုင်နက်အတွင်း တိုက်မိမှုဖြစ်ပွားရာမှ အမေရိကန်ရေတပ်သား ခုနစ်ဦးသေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ ယင်းကုန်သေတ္တာတင်သင်္ဘောမှ ရေယာဉ်အဖွဲ့သားများကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ဇွန် ၂၀ ရက်တွင် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောဖြစ်သည့် ယူအက်စ်အက်စ် ဖစ်ဂျရယ်နှင့် ၎င်းထက် ကိုယ်ထည်အရွယ်အစား အဆများစွာကြီးမားသော အေစီအိက်စ် ခရစ္စတယ်လ်အမည်ရှိ ကုန်သွယ်ရေကြောင်း သင်္ဘောကြီးတို့ တိုက်မိမှု၏ အကြောင်းတရားကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က စုံစမ်းစစ်ဆေးကာ ဖော်ထုတ်မည်ဖြစ်သည်။ သင်္ဘောချင်းတိုက်မိသည့်ညက ရာသီဥတုကောင်းမွန်နေချိန်အတွင်းယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။




ရေယာဉ်အဖွဲ့သားများအား စုံစမ်းစစ်ဆေးရန် စီစဉ်ထားကြောင်း အမေရိကန်ရေတပ်မှ ဗိုလ်စကော့ကားက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ရေယာဉ်အဖွဲ့သားများဆိုသည်မှာ ဖိလစ်ပိုင် အလံလွှင့်ထူထားသော ကုန်သေတ္တာတင်ရေယာဉ်မှ ရေယာဉ်အဖွဲ့သားများကို ရည်ညွှန်းခြင်းဖြစ်ပြီး အမေရိကန်ရေတပ် ဖျက်သင်္ဘော ဖစ်ဂျရယ်မှ ရေတပ်သားများကိုလည်း အလားတူ စုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။

အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က အမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံမှုဘုတ်အဖွဲ့ကို ကိုယ်စားပြုကာ စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ်အတွင်း အမေရိကန်ရေတပ်စစ်ရေယာဉ်နှင့် ဖိလစ်ပိုင် ကုန်သွယ်သင်္ဘောတို့မှ သင်္ဘောခရီးစဉ်မှတ်တမ်း အီလက်ထရွန်နစ်သတင်း အချက်အလက်များနှင့် ရေယာဉ်များ၏လမ်းကြောင်းဆိုင်ရာ သတင်းအချက်အလက်များကို ရယူစုဆောင်းသွားမည်ဆို၏။**ရိုက်တာ။**

## လေကြောင်းလုံခြုံရေး သဘောတူညီချက် ရုရှား ဆိုင်းငံ့လိုက်ပြီ

**မော်စကို ဇွန် ၂၀**
အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ဆီးရီးယား အစိုးရတပ်ဖွဲ့မှ စစ်လေယာဉ်တစ်စင်းကို ပစ်ချခဲ့မှုအား တုံ့ပြန်သည့်အနေဖြင့် အမေရိကန် ပြည်ထောင်စုနှင့် ရရှိခဲ့သည့် ဆီးရီးယား လေပိုင်နက် လေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကိုရပ်ဆိုင်းထားလိုက်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အမေရိကန် ပြည်ထောင်စုသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဟု ဆိုကာ ဆီးရီးယားအစိုးရတပ်ဖွဲ့ကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းမှာ ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်သည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေကိုလည်း ချိုးဖောက်ရာရောက်ကြောင်း၊ အမေရိကန် စစ်လေယာဉ်တစ်စင်းက ဆီးရီးယားအစိုးရတပ်ဖွဲ့၏ လေယာဉ်ကို ပစ်ချခြင်းမရှိမီ ရုရှားနိုင်ငံအား အကြောင်းကြားခဲ့ခြင်း မရှိခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံကာကွယ်ရေးနှင့်လုံခြုံရေး ကော်မတီဒုတိယဥက္ကဋ္ဌက ပြောကြားရာတွင် ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယား လေပိုင်နက်အတွင်း ပျံသန်းနေသည့် အရာဝတ္ထုတို့ကို အကြောင်းမဲ့ ပစ်ချမည်မဟုတ်ကြောင်း၊ အမေရိကန်မှ တိုက်လေယာဉ်များအနေဖြင့် ကျူးကျော်မှုဆန်သည့် လုပ်ရပ်များ ထပ်မံဆောင်ရွက်လာမည်ဆိုပါက ရုရှားတပ်ဖွဲ့က တားဆီးကာကွယ်သွားမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

**ဆင်ဟွာ။**

## နယ်သာလန် ရုပ်သံသတင်းသမားနှစ်ဦး ကိုလံဘီယာ၌ ပြန်ပေးဆွဲခံရ

**ဘိုဂိုတာ ဇွန် ၂၀**
ကိုလံဘီယာနိုင်ငံမြောက်ပိုင်းမှလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့်ဒေသတွင် မက်စ်ဝါဒီသူပုန်အဖွဲ့ (အီးအယ်လ်အင်န်)က နယ်သာလန်နိုင်ငံသား ရုပ်မြင်သံကြားသတင်းသမားနှစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ကိုလံဘီယာတပ်မတော်က ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

ပြန်ပေးဆွဲခံရသည့် နယ်သာလန် ရုပ်မြင်သံကြား သတင်းသမားနှစ်ဦးမှာ အသက် ၆၂ နှစ်အရွယ်ရှိ ဒတ်ခ် ဂျို့ယန်းနက်ခ်နှင့် အသက် ၅၈ နှစ် အရွယ်ရှိ ရိုက်ကူးရေးမှူး ယူဂျင်းနီယိုအန်းနက်စ်မာရေးတို့ ဖြစ်ကြသည်။ ၎င်းတို့သည် ဗင်နီဇွဲလားနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော အယ်တာရာအင်နိုတီဒီ ဆန်တန်ဒါဒေသ၌ ရုပ်သံလွှင့် လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် ပြန်ပေးဆွဲခံခဲ့ကြရကြောင်း ကိုလံဘီယာ တပ်မတော်၏ ကြေညာချက်တွင် ဖော်ပြသည်။

အင်အား ၂၀၀၀ ခန့် ရှိသော အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့(အီးအယ်လ်အင်န်)အဖွဲ့က ကိုလံဘီယာ နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို မကြာခဏဆိုသလို ပြန်ပေးဆွဲမှုများ ပြုလုပ်လေ့ရှိသည်။ ပြန်ပေးဆွဲခံရသူအများစုမှာ ရေနံတူးဖော်ရေးလုပ်ငန်းများမှဖြစ်ပြီး ပြန်ပေးရွေးငွေ ရရှိရေးနှင့် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက် ပေါက်မြောက်ရေးအတွက် ပြန်ပေးဆွဲခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြ သည်။

**ရိုက်တာ။**


# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ကတိသစ္စာပြု

**နေပြည်တော် ဇွန် ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်သည့် ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးသန်းဌေးတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၇ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ ထုတ်ပြန်ရေးကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက ပြည်တွင်း၊ ပြည်ပ ကြွေးမြီများနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် မဟာဗျူဟာတွင် "ကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ၂ မျိုးလုံးဖြင့်ဖော်ပြခဲ့ပြီး" ယခုနှစ်တွင် ပြည်တွင်းကြွေးမြီများကို ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပကြွေးမြီများကို အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း ဖော်ပြထားကြောင်း၊ အစိုးရမှ ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် ဗဟာဗျူဟာတွင် "ထပ်ဆင့်ထုတ်ချေးသည့် ပြည်ပငွေချေးနှစ်ခုရှိသည်"ဟူ၍ ဖော်ပြခဲ့ပြီး ယခုနှစ်တွင် အကောင်အထည်ဖော်မည့်ဌာန၊ အဖွဲ့အစည်းအမည် ၊ စီမံကိန်းအမည်နှင့် ချေးငွေပမာဏတို့အား ဖြည့်စွက်၍ ပိုမိုပြည့်စုံစွာ ဖော်ပြထားကြောင်း၊



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ကြွေးမြီစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ၂၀၁၇-၂၀၁၈ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ အဓိကထားဆောင်ရွက်မည့်လုပ်ငန်းများမှာ ပြည်ပချေးငွေနှင့်ပတ်သက်၍ သက်သာသောချေးငွေများကို ဦးစားပေးရယူမည်ဖြစ်ပြီး အသုံးစရိတ်ကို လွတ်လပ်စွာသုံးစွဲနိုင်သည့် Development Policy Operation(DPO) ချေးငွေများကို ချေးငွေစည်းကမ်းချက်များနှင့် နိုင်ငံတော်၏ လိုအပ်ချက်များအပေါ်မူတည်၍ ရယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားပြီး ကြွေးမြီစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ၂၀၁၇-၂၀၁၈မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ အဓိကဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၁၇)ကို ကော်မတီအဖွဲ့ဝင် ဒေါ်ထုမေက ဖတ်ကြားတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ (၂၀၁၆ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဧပြီလအထိ)စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အပေါ် အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ) ဦးအုန်းခင်နှင့် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်တို့က ပြင်ဆင်လိုသည့် အပိုဒ်၊ အပုဒ်ခွဲလိုက် ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူကြသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

■

## လစ်သူယေးနီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂၀**

လစ်သူယေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်သည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၁၉ ရက်တွင် ဗေးလ်နီးရပ်စ်မြို့၌ လစ်သူယေးနီးယားသမ္မတနိုင်ငံသမ္မတ မစ္စဒါလီယာ ဂရီဘူစကိုက်တေထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သူရဦးရွှေမန်း တရုတ်သံရုံး၏ သံရုံးတာဝန်ခံသံမှူးကြီးအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ သံရုံးတာဝန်ခံသံမှူးကြီး မစ္စတာချမ်းချမ်းနှင့် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ်(I-1) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်သံမှူးကြီးက မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများပိတ်သွားသည့် ကိစ္စနှင့်ပတ်သက်၍ ဘဏ်စာရင်းများအား အမြန်ဆုံးပြန်လည်ဖွင့်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး ကော်မရှင်ဥက္ကဌက နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကောင်းမွန်ရန်အတွက် မိမိတို့အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## တပ်မတော်ပိုင်ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်



**နေပြည်တော် ဇွန် ၂၀**

ပျက်ကျသွားသော တပ်မတော်ပိုင်ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်များ၊ မိသားစုများနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ အား ဦးအောင်ဇော်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း) သားသမီး၊ မြေးတစ်စုက ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတိုးချဲ့တည်ဆောက်

**ဆင်မြီးဆွဲ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဆင်မြီးဆွဲမြို့နယ် ရွာသာကြီးအုပ်စု၊ မြင်းနီ၊ တောင်ရွာ၊ ကြပ်နား၊ မြေနံသာကျေးရွာတို့တွင် ၁၁ ကေဗွီလိုင်း ပေ ၂၀၀၀နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးကျော်ဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်၍ ဓာတ်အားဖြန့်ဖြူးပေးထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးခြင်းအားဖြင့် ဆင်မြီးဆွဲမြို့နယ် ရွာသာကြီးအုပ်စု မြင်းနီ၊ တောင်ရွာ၊ ကြပ်နား၊ မြေနံသာကျေးရွာများရှိ အများပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးရာတွင် လိုင်းအရင်းဗို့အား ၂၂၀ ရှိပြီး လိုင်းအဖျားဗို့အားမှာ ယခင် ၁၅၀ ဗို့ရှိရာမှ ယခုအခါ ဗို့အား ၂၀၀ ရှိလာသည့်အတွက် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

ရန်ကုန် သတင်းမြင်ကွင်း

# စိတ်ကူးယဉ် အိပ်မက်မြို့တော် ရန်ကုန်

ဆုနှင်းလဲ့(ကြေးမုံ)



ယာဉ်များဖြင့် ပြည့်နှက်နေသည့် ရန်ကုန်မြို့ပြမြင်ကွင်း။

လျှပ်စစ်မီး လုံလောက်တည်ငြိမ်စွာရရှိပါက ရန်ကုန်တွင် မြေအောက်မြို့တော် တည်ဆောက်နိုင်မည်ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။ ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စတင်တာဝန်ယူစဉ်ကပင် ရန်ကုန်မြို့၏ မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စိမ်းလန်း၍ နေချင်စဖွယ်ဖြစ်သော မြို့တော်တစ်ခုအဖြစ် ရည်မှန်းအကောင်အထည်ဖော်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားသည်။

**နေချင်စဖွယ်မြို့ပြကြီးတစ်ခု**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်လည်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်ထွက်ပေါက်မြို့၊ နိုင်ငံတကာနှင့် ကုန်သွယ်မှုအချက်အချာမြို့ဖြစ်သော ရန်ကုန်မြို့၏ တာဝန်အရှိဆုံးပုဂ္ဂိုလ်နှစ်ဦးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန်တို့၏ မှတ်ချက်စကားများသည် စိတ်ကူးယဉ်ဆန်သည်၊ ဖြစ်နိုင်ဖွယ်ရာမရှိ၊ အိပ်မက်မက်နေသည်၊ ကြီးကြီးကျယ်ကျယ်တွေ ပြောသည်ဟု ဝိုင်းဝန်းဝေဖန်မှုများလည်းရှိသလို စိတ်ကူးယဉ်အိပ်မက် စီမံကိန်းများမှသည် အနာဂတ် လက်တွေ့စီမံကိန်းများဖြစ်လာသည်ဟုလည်းကောင်း၊ မကြာမီ လူဦးရေဆယ်သန်းမျှဖြစ်လာတော့မည့် Mega City ရန်ကုန်မြို့ပြစီမံကိန်းများသည် အနာဂတ်နှစ်ရှည်စီမံကိန်းများကို ရေးဆွဲချမှတ်အကောင်အထည်ဖော်သွားမှသာလျှင် နေချင်စဖွယ် မြို့ပြကြီးတစ်ခုဖြစ်လာမည်ဟုလည်း သုံးသပ်သူများလည်း ရှိကြသည်။

အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးများ မည်မျှပင်ဆောင်ရွက်သည်ဖြစ်စေ လက်ရှိအချိန်အထိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်ရေးရာ အခွင့်အလမ်းတို့အတွက် အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ပင် ရွှေ့ပြောင်းအခြေချလာလျက်ရှိသည့်အတွက် လူဦးရေတိုးလာသည်နှင့်အမျှ လျှပ်စစ်၊ ရေသုံးစွဲမှု၊ ရေဆိုးစွန့်ထုတ်မှု၊ အမှိုက်စွန့်ပစ်မှု၊ အမှိုက်သိမ်းဆည်းနိုင်မှု၊ မီးဘေးအန္တရာယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ အများပြည်သူအိမ်ရာများနှင့် မော်တော်ယာဉ်ရပ်နားရန် နေရာများအပါအဝင် မြို့ပြရေးရာစိန်ခေါ်မှုပြဿနာများစွာ ကြုံရမည်ဖြစ်ရာ ရေရှည်ကောင်းမွန်သော မြို့ပြစီမံကိန်းတစ်ခု အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက နေချင်စဖွယ် နိုင်ငံတကာအဆင့်မီမြို့ပြဖြစ်လာနိုင်မည်မဟုတ်ကြောင်း မြို့ပြရေးရာကျွမ်းကျင်သူများက ခေတ်အဆက်ဆက် ဝေဖန်သုံးသပ်တင်ပြမှုများ ပြုလုပ်ခဲ့ကြသည်။

**ရန်ကုန်မြို့ပြစီမံကိန်းများ**

အဓိကမှာ စီမံကိန်းများကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုရှိ၊ မရှိပင်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် ရန်ကုန်မြို့ပြစီမံကိန်းများကို ရေးဆွဲခဲ့မှုများရှိခဲ့ပြီး ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း နှစ် (၃၀) စီမံကိန်းကို တပ်မတော်အစိုးရလက်ထက်တွင် ရေးဆွဲခဲ့ဖူးသည်။ ထို့ပြင် မလေးရှားနိုင်ငံမှ မြို့ပြစီမံကိန်းအဖွဲ့များက ရန်ကုန်မြို့တော်စည်ပင်နှင့် လာရောက်တွေ့ဆုံညှိနှိုင်းကာ မြို့ပြစီမံကိန်းကို ရေးဆွဲခဲ့ဖူးသည့်အပြင် ပြီးခဲ့သည့်အစိုးရလက်ထက်ကတည်းကပင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် လက်တွဲကာ ရန်ကုန်မြို့ပြစီမံကိန်းကို ရေးဆွဲခဲ့ကြောင်း သိရသည်။

မြို့ပြစီမံကိန်းများ ရေးဆွဲခဲ့သော်လည်း အမှန်တကယ်အကောင်အထည်ဖော်မှုအပိုင်းတွင် အဆိုပါစီမံကိန်းအတိုင်း အကောင်အထည်ဖော်နိုင်မှုအားနည်းခဲ့သည်ဟု မြို့ပြရေးရာ ကျွမ်းကျင်သူများက ဝေဖန်သုံးသပ်ကြသည်။ ရန်ကုန်မြို့ပြစီမံကိန်းတွင် ဇုန်အလိုက် ရေးဆွဲအကောင်အထည်ဖော်ထားပြီး အထပ်မြင့်မတည်ဆောက်သင့်သည့်ဇုန်များ၊ စိမ်းလန်းဧရိယာ ဖော်ဆောင်ရမည့်ဇုန်များ၊ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို အနှောင့်အယှက်မဖြစ်စေဘဲ ကာကွယ်ထိန်းသိမ်းသွားရမည်များ ပါဝင်သော်လည်း လက်ရှိ ရန်ကုန်မြို့တွင် အဆိုပါစံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် အဆောက်အအုံများစွာလည်း ရှိနေခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း JICA နှင့် လက်တွဲဆောင်ရွက်ခဲ့သည့် မြို့ပြစီမံကိန်းရေးဆွဲမှုတွင် အဆိုပါစီမံကိန်း၌ မပါဝင်ခဲ့သည့် ရန်ကုန်မြို့ရှိ ကားလမ်းကူးခုံးကျော်တံတားများစီမံကိန်းကြောင့် အဆိုပါမြို့ပြစီမံကိန်းကို ပြန်လည်ရေးဆွဲခဲ့ကာ ယခုအစိုးရလက်ထက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်ဟု သိရသည်။

**ဥရောပနိုင်ငံများသို့ သွားရောက်လေ့လာ**

မြို့ပြစီမံကိန်းများ ရေးဆွဲခဲ့သော်လည်း အမှန်တကယ် အကောင်အထည်ဖော်နိုင်ခဲ့မှုတို့တွင် အားနည်းခဲ့ခြင်းမှာ ငွေကြေးလိုအပ်ချက် များစွာရှိခြင်း၊ နည်းပညာအခက်အခဲ၊ နိုင်ငံတကာ၏ အကူအညီလိုအပ်ချက်များ ပါဝင်ပြီး ယခုအစိုးရလက်ထက်တွင် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများက နည်းပညာနှင့် ODA Loan ချေးငွေများ ပေးအပ်ခြင်း၊ ထောက်ပံ့မှုများပြုလုပ်လာခြင်းအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ပြည်တွင်းမှ ပညာရှင်များက အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများအပြင် ဥရောပနိုင်ငံများသို့ ထိုနိုင်ငံများမှ အစိုးရများ၏ဖိတ်ခေါ်မှုကြောင့် သွားရောက်လေ့လာမှုများပြုလုပ်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် တည်ဆောက်ရန် ဆောင်ရွက်နေသည်ဟု သိရှိရသည်။

နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအဖြစ် တည်ဆောက်အကောင်အထည်ဖော်ရာတွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရန်လိုအပ်ပြီး အထူးသဖြင့် လျှပ်စစ်ကဏ္ဍသည် အဓိကလိုအပ်ချက်ဖြစ်နေသည်။

ရန်ကုန်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ တစ်နိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို အသုံးပြုနေပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ပင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာပေါင်း ထောင်ကျော်အထိ ရှိနေသည်ဟု ရန်ကုန်တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

**လျှပ်စစ်ဓာတ်အား လုံလောက်တည်ငြိမ်ရန်လိုအပ်**

မည်မျှပင် အထူးစီးပွားရေးဇုန်ကြီးများ အကောင်အထည်ဖော်သည်ဖြစ်စေ၊ လုပ်သားအင်အားပေါများ၍ မြေဈေးနှုန်း၊ အခွန်နှုန်းထား သက်သာခွင့်ရှိသည်ဖြစ်စေ အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အား လုံလောက်တည်ငြိမ်စွာမရရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်နိုင်မည်မဟုတ်ပေ။

ထို့အတူ နိုင်ငံတကာအဆင့်မီမြို့တော်ကြီး တည်ဆောက်ရန်ဆိုသည်ထက် လက်ရှိရန်ကုန်မြို့တော်ကြီးတွင် မိုးရာသီရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများစွာတွင် အခြေခံလိုအပ်ချက် လျှပ်စစ်မီး အပြည့်အဝရရှိရန်မှာ အရေးကြီးပေသည်။ ယင်းအတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရက နှစ်စဉ်တိုးလာနေသော ရန်ကုန်မြို့၏ လျှပ်စစ်အသုံးပြုနေမှု ရာခိုင်နှုန်းအတိုင်း ပြည့်မီစွာပေးအပ်နိုင်ရန်ဆောင်ရွက်နေကြောင်း ဝန်ကြီးဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်သုံးစွဲမှုပမာဏသည် တစ်နိုင်ငံလုံး လျှပ်စစ်ထုတ်လုပ်မှု၏ ထက်ဝက် မဂ္ဂါဝပ် ၁၅၀၀ ခန့်ပင်ရှိနေသည်။

**လျှပ်စစ်လိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှု**

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်လိုအပ်ချက် ပမာဏသည် နှစ်စဉ် ၂၀ ရာခိုင်နှုန်းခန့် တိုးမြင့်နေပြီး တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ လေးရုံမှ ထုတ်လုပ်နိုင်မှုပမာဏမှာ ၁၀၀၀ မဂ္ဂါဝပ်ပင်မရှိကြောင်း သိရသည်။

နှစ်စဉ်လျှပ်စစ်တိုးတက်လိုအပ်ချက် ၂၀ ရာခိုင်နှုန်းအရ ၂၀၁၇-၂၀၁၈ တွင် ၂၉၅ မဂ္ဂါဝပ်ခန့်လိုအပ်မည်ဟု သိရသည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပမာဏမြင့်မားလာကာ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းနှင့် အနာဂတ်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများတွင်အရေးပါသော အခြေခံဖြစ်သည့် လျှပ်စစ်ကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်ရန် ဘဏ္ဍာငွေမြောက်မြားစွာ ကုန်ကျနိုင်မည်ဟု ဝန်ကြီးက ပြောကြားထားသည်။

လျှပ်စစ်ကဏ္ဍဆောင်ရွက်ချက်တွင် လျှပ်စစ်ထုတ်လုပ်မှုသာမက သယ်ပို့မှုအပိုင်းနှင့် ဖြန့်ဖြူးရေးအပိုင်းတို့တွင်လည်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရန် အရေးကြီးသည့်အပြင် ထုတ်လုပ်မှုအပိုင်း၊ သယ်ပို့မှုအပိုင်း၊ ဖြန့်ဖြူးမှုအပိုင်း သုံးပိုင်းစလုံးကို တစ်ပြိုင်နက်တည်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဝန်ကြီးက ပြောသည်။

ထို့ကြောင့် အရေးကြီးသော လျှပ်စစ်ကဏ္ဍ ပြည့်ဝစွာရရှိရန်လိုအပ်သကဲ့သို့ ယင်းသို့ လျှပ်စစ်ဓာတ်အား ပြည့်ဝလုံလောက်ပြီး တည်ငြိမ်စွာရရှိပါက ရေကြီးရေလျှံမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပြီး ရေစုကန်များ တည်ဆောက်ကာ ရေများကို မော်တာဖြင့် စုပ်ထုတ်၍ မြစ်ချောင်းများအတွင်း ပြန်လည်ထုတ်လွှတ်နိုင်မည်ဟု မြို့တော်ဝန်က ပြောသည်။

ထို့အတူ နိုင်ငံတကာမြို့တော်များကဲ့သို့ မြေအောက်များတွင် ဈေးများ၊ ကားပါကင်များ၊ လူများဥဒဟိုသွားလာနေကြသည့် မြေအောက်မြို့တော်အဖြစ် အကောင်အထည်ဖော်မည်ဆိုသည်မှာလည်း စိတ်ကူးယဉ်ခြင်းမဟုတ်ဘဲ ဆောင်ရွက်နိုင်ရန်မှာ လျှပ်စစ်လုံလောက်မှုရှိရမည်။ တည်ငြိမ်သောလျှပ်စစ်လိုအပ်မည်ဖြစ်ပြီး လျှပ်စစ်ကို အရင်ရအောင်ပြုလုပ်ရမည့်အပြင် လိုချင်သောပုံစံရအောင် ထုထောင်နိုင်ရမည်ဟု မြို့တော်ဝန်က မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။

**လျှပ်စစ် မဂ္ဂါဝပ် ၃၀၀**

လက်ရှိတွင် ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုကို ကာကွယ်ရန် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရရှိခဲ့ပြီး လာမည့်နှစ်များအတွက် ရေကြီးရေလျှံမှုပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်ချက်ဖြစ်နေသော လျှပ်စစ်ကဏ္ဍအတွက် မဂ္ဂါဝပ် ၃၀၀ ပေးအပ်နိုင်ရန် ဆောင်ရွက်နေပြီဟု ဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားထားသည်။

ထို့အတူ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သော လမ်းပန်းဆက်သွယ်ရေးအတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်နေပြီး YBS စနစ် ပြုပြင်ပြောင်းလဲခဲ့ခြင်းနှင့် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များ အဆင့်မြှင့်တင်ဆောင်ရွက်မှုတို့ကို ယခုနှစ်အတွင်း ဆောင်ရွက်မည်ဟု သိရသည်။

ယခုအခါ YBS ကားသစ်အစီး ၂၀၀၀ ကျော် ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။ အများပြည်သူ စိတ်အေးချမ်းသာစွာ သွားလာစီးနင်းနိုင်ပြီး ကတ်စနစ်သုံး ငွေပေးချေကတ်များ အသုံးပြု၍ နိုင်ငံတကာမြို့ပြများ၏ ဘတ်စ်ကားပို့ဆောင်ရေးစနစ်ကဲ့သို့ ရောက်ရှိရန်မှာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်သည်။

ရန်ကုန်မြို့တော်ရေကြီးရေလျှံမှု ကင်းဝေးပြီး လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိလာမည်ဆိုပါက အနာဂတ်ရန်ကုန်မြို့ပြစီမံကိန်းများသည် ရုပ်လုံးပေါ်လာနိုင်မည်ဖြစ်ပြီး မဖြစ်လာနိုင်စရာမရှိဟု ယူဆရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင် မြို့ပြရေးရာ ကျွမ်းကျင်သူတစ်ဦးက ပြောသည်။ သို့ရာတွင် စိတ်ကူးယဉ်သက်သက်မဟုတ်ဘဲ၊ အိပ်မက်သက်သက်မဟုတ်ဘဲ အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန်မှာ ပြည်သူလူထုပါဝင်သော ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုက ထောက်ခံသော အစိုးရတစ်ရပ်၏ ပြည်သူကိုဗဟိုပြုသည့် ဆောင်ရွက်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့သာ လိုအပ်မည်ဖြစ်သည်။

၀၀၀

ကြေးမုံ



ရန်ကုန် သတင်းမြင်ကွင်း

# ရန်ကုန်ရေကြီးရေလျှံမှု တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေရှင်းဆောင်ရွက်သွားမည်

သတင်းဆောင်းပါး – ဇော်ကြီး
ဓာတ်ပုံ – ဖေဇော်



ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးတွင်းကာလများ၌ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော ရေကြီးရေလျှံဖြစ်ပွားနေမှုကို ပြေလည်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံချက်များရေးဆွဲ၍ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှ သဘောတူညီမှုရရှိထားပြီးဖြစ်သည့် ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်းအနက်မှ သန်းတစ်ရာဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည့် မြောင်းများကို လာမည့်ပွင့်လင်းရာသီတွင် ပြင်ဆင်နိုင်ရန် စီမံချက်ရေးဆွဲထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"လမ်းတွေတော်တော်များများမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေခဲ့တာကို အစိုးရအဖွဲ့သစ် တာဝန်ယူနေရတဲ့အချိန်မှာ ကြုံခဲ့ရပါတယ်။ မြောင်းတွေကိုရှင်းလင်းနိုင်ဖို့အတွက် မြို့တော်စည်ပင်သာယာဘက်ကနေ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အစိုးရသစ်တက်လာပြီးတဲ့အချိန်မှာ တစ်ဘီလီယံ ပုဂ္ဂလိကကဏ္ဍကိုပေးပြီး ချက်ချင်းမြောင်းတွေကိုရှင်းခဲ့ပါတယ်။ စဉ်ဆက်မပြတ်လည်း မြောင်းတွေကိုရှင်းပါတယ်။ သို့သော် မိုးအင်မတန်များပြားခဲ့မယ်ဆိုရင်တော့ ရှိနေတဲ့မြောင်းတွေရဲ့ ခံနိုင်ဝန်နဲ့ ဆွဲချနိုင်တဲ့ ရေထွက်အားနဲ့ဆိုရင်တော့ လုံလောက်တဲ့ အခြေအနေမရှိသေးဘူးဆိုတာ ပြောရမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်မြို့တွင်းဧရိယာများတွင် မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသော နေရာများကို သက်ဆိုင်ရာက ရေစီးရေလာ ကောင်းမွန်စေရန် စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ရန် ဆက်စပ်မြို့နယ်များအလိုက် ရေမြောင်းချိတ်ဆက်မှုစနစ်များကို ပညာရှင်များဖြင့် အသေးစိတ်ရေးဆွဲလျက်ရှိရာ မြို့တွင်းခြောက်မြို့နယ်အတွက် ရေးဆွဲပြီးသွားပြီဖြစ်ကြောင်း၊ ရေးဆွဲခဲ့သည့်အပေါ် မူတည်၍ ဦးစားပေးအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အပိုင်းများအလိုက် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့ဟာ အင်္ဂလိပ်လက်ထက်က စတင်တည်ဆောက်ခဲ့တဲ့မြို့ ဖြစ်ပါတယ်။ ရန်ကုန်မြို့လူဦးရေနဲ့ တိုးတက်လာတဲ့ လူဦးရေရဲ့ အဆအရေအတွက်ဟာ အင်မတန်များပြားသွားပြီဖြစ်တဲ့အတွက် ရေသုံးစွဲမှုနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရာသီမှာ မိုးများပြားစွာရွာသွန်းခဲ့မယ်ဆိုရင်တော့ ချက်ချင်းရေစုပ်မချနိုင်တဲ့ အခြေအနေကို ကြုံနေရပါတယ်။ ဒီအခြေအနေဟာ ရန်ကုန်မြို့မှာတင်ကြုံနေရတာ မဟုတ်ပါဘူး။

"နိုင်ငံတကာမြို့ကြီးတော်တော်များများမှာလည်း သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနဲ့အတူ ကြုံတွေ့နေရတာပဲ ဖြစ်ပါတယ်။ ဒီအခြေအနေကို ပြုပြင်ပြောင်းလဲဖို့အတွက် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ကမ္ဘာ့ဘဏ်ကနေပြီး ကျွန်တော်တို့ကို သန်းပေါင်း ၁၂၅ သန်းကူညီဖို့ သဘောတူညီထားပြီးဖြစ်ပါတယ်။ လာမယ့် ပွင့်လင်းရာသီမှာ ရေကြီးရေလျှံဖြစ်နေတဲ့မြောင်းတွေကို ပြင်ဆင်နိုင်ဖို့အတွက် သန်းတစ်ရာသုံးစွဲသွားဖို့ စီမံချက်ရေးဆွဲထားပြီးဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစီမံချက်နှင့်အတူ ပလက်ဖောင်းများကို ပြုပြင်သွားရန်စီစဉ်ထားသည့်အပြင် ပလက်ဖောင်းများပေါ်တွင်ရှိသည့် ကားမှတ်တိုင်များကိုလည်း နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအခြေအနေမှာ မြောင်းရယ်၊ ပလက်ဖောင်းရယ်၊ မှတ်တိုင်တွေကို တစ်ဆက်တစ်စပ်တည်းမလုပ်ဘူးဆိုရင် ဘတ်ဂျက်တွေထဲမှာ အလေအလွင့်ဖြစ်နိုင်စရာတွေ ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို တစ်ပြိုင်တည်းလုပ်ကိုင်နိုင်ဖို့ လုပ်ငန်းစဉ်တွေကို စနစ်တကျစီမံချက်ရေးဆွဲထားပြီးဖြစ်ပါတယ်။ အကောင်အထည်ဖော်နိုင်မှုတွေကို အခုဘတ်ဂျက်ရေးရာမှာ လုပ်ဆောင်နိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ အခု ရေကြီးရေလျှံမှုဖြစ်နေတဲ့ လမ်းတွေမှာလည်း အကြာကြီးရေကြီးရေလျှံမှုမျိုးမဖြစ်ပါဘူး။ ရေကိုဆွဲချနေပါတယ်။ ရေဆွဲချနိုင်လောက်တဲ့မြောင်းတွေ၊ အခြေအနေမျိုးတွေကို ထပ်ပြီးဖန်တီးဖို့အတွက် ပြင်ဆင်ရမှာဖြစ်ပါတယ်။ လိုအပ်လာမယ်ဆိုရင် မြောင်းရေတွေကို ပန့်နဲ့ဆွဲတင်နိုင်တဲ့အခြေအနေတွေအထိ ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း တိုင်းဒေသကြီးအစိုးရအနေနဲ့ စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီးချုပ်က ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရန် သက်ဆိုင်ရာက ရေထုတ်ပြွန်ပြုပြင်ခြင်း၊ မြစ်ထွက်ပေါက်ရေတံခါးများ၏ လိုအပ်ချက်များကို တည်ဆောက်ချဲ့ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းရှင်းလင်းခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း နာရီပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဒီရေတက်ပါက တချို့မြို့နယ်များတွင် ရေကြီးရေလျှံမှုများကိုကြုံတွေ့နေရကြောင်း သိရသည်။

"ရန်ကုန်မှာ မိုးများသွားရင် ရေကြီးရေလျှံဖြစ်တာက မဆန်းတော့ပါဘူး။ နှစ်စဉ်လိုလိုဖြစ်နေကျပါ။ ပြီးခဲ့တဲ့ရက်ပိုင်းက ရေကြီးတုန်းကဆိုရင် မြို့ထဲမှာရေကြီးလို့ ကားလမ်းတွေပိတ်သွားတယ်။ လမ်းလျှောက်တဲ့သူတွေအတွက်လည်း ပလက်ဖောင်းပေါ်ကမလျှောက်ရဲဘူး။ ရေကြီးရေလျှံဖြစ်ပြီဆိုရင် တချို့နေရာတွေမှာ မြောင်းအဖုံးတွေမရှိတဲ့အတွက် အလွန်အန္တရာယ်များတယ်။ ရေကြီးရေလျှံကိစ္စတွေကို အစိုးရသစ်အနေနဲ့ ဖြေရှင်းပေးမယ်ဆိုတော့ ကောင်းပါတယ်။ အားလုံးအတွက် အဆင်ပြေတာပေါ့။ လမ်းလျှောက်တဲ့သူတွေအတွက်လည်း ပလက်ဖောင်းကောင်းကောင်းလုပ်ပေးစေချင်တယ်"ဟု တာမွေမြို့နယ်မှ ဦးမင်းမင်းစိုးက ပြောသည်။

ထိုသို့ဖြစ်ပေါ်ခဲ့မှုအပေါ် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "ပြီးခဲ့တဲ့နှစ်အစကတည်းက အစီအမံတွေချမှတ်ပြီး မြောင်းတွေကိုရှင်းခဲ့ပါတယ်။ နောက်ဖေးလမ်းကြားတွေကိုရှင်းပြီး တချို့နေရာတွေမှာ ကွန်ကရစ်တွေ ပြန်ခင်းပေးတယ်။ ဒါကြောင့် ပြီးခဲတဲ့နှစ်အတွင်းမှာ ရေကြီးရေလျှံမှု တစ်ခါမှ မဖြစ်ခဲ့ပါဘူး။ အဲဒီတုန်းက မိုးသည်းထန်စွာ မရွာခဲ့တာကြောင့်လည်း ပါပါတယ်။ ပုံမှန်အတိုင်းမိုးရွာရင် မကြောက်ပါဘူး။ သို့သော်လည်း ဒီနှစ်မှာတော့ နှစ်နာရီလောက်အတွင်းမှာ မိုးရေချိန်လေးလက်မလောက် ဆက်တိုက်ရွာခဲ့လို့ ပြီးခဲ့တဲ့ရက်ပိုင်းက တချို့နေရာတွေမှာ ရေလျှံမှုတွေဖြစ်သွားတယ်။ မိုးတိတ်သွားပြီး မိနစ် ၉၀ အတွင်းမှာ ရေပြန်ကျသွားပါတယ်"ဟု ပြောသည်။

ရန်ကုန်မြို့၏ ရေစီးရေလာစနစ်အနေဖြင့် မြစ်ထွက်ပေါက်များ၊ ချောင်းများမှတစ်ဆင့် လှိုင်မြစ်အတွင်း စီးဝင်လျက်ရှိသည့် အဓိကချောင်း ၂၂ ချောင်း၊ ပဲခူးမြစ်အတွင်းသို့ စီးဝင်သည့် အဓိကချောင်း ရှစ်ချောင်း၊ ငမိုးရိပ်ချောင်းအတွင်း စီးဝင်သည့် အဓိကချောင်း ၂၀ နှင့် ပုဇွန်တောင်ချောင်းအတွင်းသို့ စီးဝင်သည့် ချောင်းတစ်ချောင်းရှိသည့်အပြင် မြို့တွင်းခြောက်မြို့နယ်နှင့် အလုံ၊ ဗဟန်းမြို့နယ်တို့ အနေဖြင့် မြစ်ထွက်ပေါက် ၄၂ ပေါက်တို့မှ တစ်ဆင့် ရန်ကုန်မြစ်ထဲသို့ စီးဝင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့၏ ရေထွက်ပေါက်များဖြစ်သော မြစ်ထွက်ပေါက်ထဲသို့ စီးဝင်လျက်ရှိသည့် ချောင်းကြီး၊ မြောင်းကြီးများ၊ မြစ်ထွက်ပေါက်များနှင့် ရေတံခါးများ၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ရှင်းလင်းခြင်းလုပ်ငန်းများကို နှစ်စဉ် မိုးမကျမီကာလမှစတင်၍ ဆောင်ရွက်လျက်ရှိပြီး တချို့မြို့နယ်များ၌ ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းမှာ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အဆောက်အအုံများပြားလာခြင်းနှင့်အတူ ရေစိမ့်ဝင်မှုဧရိယာ နည်းပါးသွားခြင်းကြောင့်လည်းကောင်း၊ ရေဆင်းမြောင်းများအတွင်း အမှိုက်များပိတ်ဆို့နေခြင်းကြောင့်လည်းကောင်း၊ ရေထိန်းပေးသည့် ရေစုကန်များ နည်းပါးသွားခြင်းကြောင့် လည်းကောင်း၊ နာရီပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဒီရေတက်ခြင်းကြောင့် လည်းကောင်း ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့သည် ရန်ကုန်မြစ်နှင့် ငမိုးရိပ်ချောင်းရိုး နှစ်ခု၏ကြားတွင် ဆက်စပ်တည်ရှိနေသည့်မြို့ဖြစ်သည့်အတွက် ရန်ကုန်မြစ်ရေနှင့် ငမိုးရိပ်ချောင်းရိုးတစ်လျှောက် ရေကြီးရေလျှံမှုများကိုထိန်းနိုင်ရန် ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ငမိုးရိပ်ချောင်းရိုးကို ထိန်းနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြစ်အတွင်းသို့ ဧရာဝတီမြစ်ကြောင်းဘက်မှ ရေဝင်နေသည့် ရေဝင်ပေါက် သုံးပေါက်ခန့်ရှိပြီး ဝင်လာသည့် ရေအားလုံးသည် တိုက်ကြီး၊ အဖျောက်ဘက်မှနေ၍ ရန်ကုန်-လှိုင်မြစ်ထဲသို့ စီးဝင်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေဝင်ပေါက်များကို ပိတ်လိုက်ပါက ဧရာဝတီမြစ်ရေကြီးမှုကို ပိုပြီးမြင့်တင်လိုက်သကဲ့သို့ဖြစ်သွားနိုင်သဖြင့် ဒီရေဝင်လာမှုအခြေအနေကို လက်ခံနေရခြင်းဖြစ်ပြီး ယင်းအခြေအနေများအားလုံးကို ယခုနှစ်တွင် ထိန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြီးခဲ့သည့်တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ချက်အနေဖြင့် လမ်းဘေးမြောင်း ၁၈၀၆ ခု၊ အရှည် ၆၇၂၀၉၅ ပေခန့်ကို ရှင်းလင်းဆောင်ရွက်ခဲ့သည့်အပြင် ရေထုတ်ပြွန်များချဲ့ထွင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်း၊ အုတ်ရေမြောင်းအသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ချောင်းကြီး၊ မြောင်းကြီးများ ရှင်းလင်းခြင်းအနေဖြင့် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ အလုံ၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ သာကေတ၊ ဒေါပုံ၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ မြို့နယ်များအတွင်းရှိ ချောင်းနှင့် မြောင်းများကို စက်ယန္တရား၊ လူအင်အားတို့ဖြင့် ရှင်းလင်းပေးခဲ့သည့်အပြင် လက်ရှိကာလတွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။



ပိတ်ဆို့အမှိုက်များကို ရှင်းလင်းဖယ်ရှားနေစဉ်။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် လွှတ်တော်ဆိုင်ရာကြီးကြပ်မှုကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇွန် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် DCAF ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ Dr. Albrecht Schnabel နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် လုံခြုံရေးကဏ္ဍအား လွှတ်တော်ဆိုင်ရာကြီးကြပ်မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# သံတမန်နည်းလမ်းအရကြိုတင်ကာကွယ်ခြင်း၊ ဖျန်ဖြေခြင်းနှင့် ကြိုတင်အသိပေးခြင်း အာဆီယံဒေသဆိုင်ရာဖိုရမ်ကျင်းပ




**ရန်ကုန် ဇွန် ၂၀**

သံတမန်နည်းလမ်းအရ ကြိုတင်ကာကွယ်ခြင်း၊ ဖျန်ဖြေခြင်းနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ အာဆီယံဒေသဆိုင်ရာဖိုရမ် ဆွေးနွေးပွဲ (ASEAN Regional Forum Seminar on Preventive Diplomacy, Mediation and Early Warning Systems)ကို မြန်မာနိုင်ငံ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်လျက် ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပလျက်ရှိသည်။ **(ယာပုံ)**

ယနေ့ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr.Hassan Wirajuda၊ အာဆီယံဒေသဆိုင်ရာဖိုရမ်အဖွဲ့ဝင် (၂၇) နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန (ASEAN Institute for Peace and Reconciliation)မှ အုပ်ချုပ်မှု ကောင်စီအဖွဲ့ဝင်များ၊ အကြံပေးဘုတ်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့်ဒေသတွင်းအဖွဲ့အစည်းများမှ ကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ၊ အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Francisco Fontan Pardo နှင့် အမေရိကန်သံရုံး ဒုတိယသံရုံးအကြီးအကဲ Ms. Kristen F. Bauer တို့က ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေးပွဲတွင် ဒေသတွင်းဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများကို ကြိုတင်အသိပေးခြင်းနှင့် သံတမန်နည်းအရ ကြိုတင် ကာကွယ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် အတွေ့အကြုံများကို ကျွမ်းကျင်သူပညာရှင်များက ဆွေးနွေးဖလှယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖားကန့်မြို့တွင် ဥရုချောင်းရေ ပြန်လည်ကျဆင်း ရေဝင်ရောက်ခဲ့သည့်နေရာများ ရှင်းလင်းဆောင်ရွက်

**ဖားကန့် ဇွန် ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဇွန် ၁၈ ရက်က ဥရုချောင်းရေလျှံကာ ချောင်းဘေးရှိ မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များနှင့် လုံးခင်းကျေးရွာတို့တွင်ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ရေများပြန်လည်ကျဆင်းသွားသည့်အတွက် အဆိုပါရေဝင်ရောက်သောနေရာများ၌ ရှင်းလင်းရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဥရုချောင်းရေက လုံးဝကျဆင်းသွားပါပြီ။ ရေပြန်လည်ကျလာတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ရှင်းလင်းရေးလုပ်ငန်းတွေ ဇွန် ၁၉ ရက် နံနက်ပိုင်းကစတင်ပြီး ဆောင်ရွက်ခဲ့တယ်။ အဓိကချောင်းရေဝင်ရောက်တဲ့ ဖားကန့်မြို့ပေါ် အနိမ့်ပိုင်း ရပ်ကွက်တွေဖြစ်တဲ့ မြို့မရပ်ကွက်၊ မော်ဝမ်းရပ်ကွက်၊ ငှက်ပျောတောရပ်ကွက်၊ အေးမြသာယာရပ်ကွက်၊ မရီကထောင်ရပ်ကွက်နဲ့ လမ်းတွေမှာ ရေကျပြီး ကျန်ခဲ့တဲ့ ရွှံ့နွံနဲ့ အမှိုက်သရိုက်တွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာကော်မတီဝင် စုစုပေါင်းအင်အား ၄၀၀ ခန့်နဲ့ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

ထို့အတူ ချောင်းရေဝင်ရောက်ခဲ့သည့် နမ့်မဖြစ်ကျေးရွာ၊ လုံးခင်းကျေးရွာအတွင်းနှင့် လမ်းများပေါ်ရှိ နေရာအချို့တို့တွင်လည်း တင်ကျန်နေခဲ့သည့် ရွှံ့နွံများ၊ အမှိုက်များကို ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စုစုပေါင်းလူအင်အား ၁၀၀ ကျော်တို့က မီးသတ်ယာဉ်များဖြင့် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ရေဝင်ရောက်ခဲ့တဲ့ အတွက် ရေဘေးခံစားရတဲ့ ပြည်သူတွေ စားသောက်ရေး၊ နေထိုင်ရေး၊ နောက်ပြီးရေကျတဲ့အခါ နောက်ဆက်တွဲ ဖြစ်ပေါ်တတ်တဲ့ ကျန်းမာရေးတွေ ကအစ အားလုံးကို အဆင်ပြေအောင် ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာအဖွဲ့တွေနဲ့ ပူးပေါင်းပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးကျော်စွာအောင်က ပြောသည်။

ဖားကန့်မြို့နယ်တွင် မိုးရွာသွန်းပြီး ချောင်းရေလျှံမှုများ နှစ်စဉ်လိုလို ဖြစ်ပွားလေ့ရှိသည်။ ၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကုဠေကျေးရွာနှင့် လေးအိမ်စုရွာတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ် ၁၂ လုံး ရေနောက်မျောပါ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-နီလာ ထွေ/အုပ်**



## တတိယအကြိမ်မြောက်

# Myanmar Youth Micro Film ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၀**

မြန်မာ့ရုပ်ရှင် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အနုပညာရှင်ပန်းသီးများ ပိုမိုထွက်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ Channel 9 နှင့် Monnet Group တို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် Myanmar Youth Micro Film ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက "အနာဂတ်ရုပ်ရှင်လောကနဲ့ တိုင်းပြည်အတွက် ဖန်တီးနိုင်စွမ်းရှိတဲ့လူငယ်တွေ ထွက်ပေါ်လာဖို့ ရည်ရွယ်ပြီး ဒီပြိုင်ပွဲကိုကျင်းပလာတာ အခုဆိုရင် တတိယအကြိမ်ရှိပြီ။ ပြိုင်ပွဲတွေမှာ ဆုရတယ်။ ဆုရတဲ့သူတွေ သူတို့ဘဝပြီးသွားတယ်ဆိုတာ မဖြစ်စေချင်ပါဘူး။ ရုပ်ရှင်အစည်းအရုံးက ကူညီနိုင်ဖို့ဆိုတာကလည်း ကာယကံရှင်ကိုယ်တိုင် ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်နေပါတယ်" ဟုဆိုသည်။

ထို့နောက် Monnet Group Co., Ltd. Project Manager ဦးမြတ်မင်းက ပြိုင်ပွဲနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒါရိုက်တာပန်းချီစိုးမိုးက Myanmar Youth Micro Film ပြိုင်ပွဲပေါ် မျှော်မှန်းချက်၊ ဒါရိုက်တာမောင်သီက Micro Film ကို မည်သို့ကောင်းမွန်အောင် ရိုက်ကူးနိုင်ရေး၊ ဒါရိုက်တာညီမင်းလွင် က ယခင်ပြိုင်ပွဲနှစ်ကြိမ် အနှစ်ချုပ်နှင့် ယခုပြိုင်ပွဲမှာသတိထားရမည့်အချက်များ၊ ဒါရိုက်တာဝေရအောင်က ယခုနှစ်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ပထမအကြိမ် Myanmar Youth Micro Film ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်က စတင်ခဲ့ပြီး ဒုတိယအကြိမ် Myanmar Youth Micro Film ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည်။

ဒုတိယအကြိမ်ပြိုင်ပွဲတွင် "အနံ့----အသက်" ဇာတ်လမ်းတိုဖြင့် ပထမဆုရရှိသော ဒါရိုက်တာနှောင်းအိမ်သစ်က "၂၀၁၆ ခုနှစ်မှာ ဆုရတဲ့အတွက် လူငယ်တွေအတွက် ခြေလှမ်းတွေစတင်လို့ရသွားတာပေါ့။ အနုပညာဖန်တီးနိုင်စွမ်းရှိတဲ့ လူငယ်တွေအများကြီးရှိတယ်။ ဒီနေရာကနေ ပေါ်ထွက်လာတာ တွေ့ရတယ်။ နိုင်ငံအတွင်း ပြိုင်နေတာရှိသလို နိုင်ငံတကာမှာပြိုင်နေတဲ့သူတွေလည်းရှိတယ်။ ဒီပြိုင်ပွဲက လူငယ်တွေအတွက်ကောင်းပါတယ်။ လူငယ်တွေလွတ်လွတ်လပ်လပ် လုပ်ခွင့်ရတယ်။ အနုပညာနဲ့ အတတ်ပညာပေါင်းပြီး ပြသခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ အနုပညာနဲ့အတတ်ပညာပေါင်းပြီး ဖန်တီးရတဲ့ဖလင်ဖြစ်တဲ့အတွက် မျှပြီးသုံးရပါတယ်။ စည်းမျဉ်းစည်းကမ်းနဲ့အညီ ရိုက်ကူးစေချင်ပါတယ်"ဟု ပြောသည်။

ယခုတတိယအကြိမ်မြောက်ပြိုင်ပွဲအတွက် ဇာတ်ကားများကို ဇွန်လမှ စက်တင်ဘာ ၃၀ ရက်အထိလက်ခံပြီး အောက်တိုဘာလတွင် ဖိုင်နယ်ပွဲစဉ်အဖြစ် အကောင်းဆုံးဇာတ်ကားများကိုရွေးချယ်သွားမည်ဖြစ်သည်။ တတိယအကြိမ်ပြိုင်ပွဲတွင် ပထမဆုအဖြစ် USD 6000၊ ဒုတိယဆုအဖြစ် USD 3000၊ တတိယဆုအဖြစ် USD 2000၊ အထူးဆုအဖြစ် USD 2000၊ Huawei Exploration Award အဖြစ် USD 2000၊ People's Choice Award အတွက် USD 2000 နှင့် နှစ်သိမ့်ဆုများအဖြစ် USD 500 အပြင် ဆုရရှိသူများအား Huawei မှ P10 plus, P10 စသည့် Huawei ထုတ်ကုန်များကို ဆုပစ္စည်းများအဖြစ် အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲ စည်းကမ်းနှင့်စပ်လျဉ်း၍ သိလိုပါက www.myanmarmicrofilm.com နှင့် www.facebook.com/myanmarmicrofilm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

## ❒ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ

အခမ်းအနားတွင် ဒုတိယသမ္မတက ဗုဒ္ဓဘုရားရှင်လက်ထက် ဗုဒ္ဓသာသနာအစောပိုင်းကာလမှာ ရဟန်းသံဃာများအား သင်္ကန်းသုံးထည်သာ ဝတ်ရုံသုံးစွဲရန် ဘုရားရှင်က ခွင့်ပြုခဲ့ပြီး ယခုကဲ့သို့ မိုးတွင်းကာလတွင် သင်္ကန်းရေစိုကို လဲဝတ်ရန် အခက်အခဲရှိသဖြင့် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ မိုးရေခံသင်္ကန်း ဆက်ကပ်လှူဒါန်းခွင့် လျှောက်ထားရာမှ ဘုရားရှင်က ဝိနည်းတော်နှင့်အညီ ခွင့်ပြုသတ်မှတ်ပေးခဲ့သဖြင့် ဝါဆိုလတွင် ရဟန်းတော်များအား ကပ်လှူသည့် သင်္ကန်းဖြစ်သည့်အတွက် ဝါဆိုသင်္ကန်းဟု အခေါ်အဝေါ်ပြောင်းလဲ ဆင်းသက်လာပြီး ဝါဆိုသင်္ကန်းလှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ဝါဆိုလပွဲတော်တစ်ခုဖြစ်လာခဲ့ပါကြောင်း၊ ဘုရားရှင်ခွင့်ပြုခဲ့ပြီး ဝိနည်းတရားတော်နှင့်အညီ လှူဒါန်းခွင့်ရသည့် သင်္ကန်းလှူဒါန်းမှုဖြစ်သောကြောင့် မွန်မြတ်သည့်အလှူဟု ခေါ်ဆိုရမည် ဖြစ်ပါကြောင်း၊ ဝါဆိုသင်္ကန်းလှူဒါန်းကြရသူများအနေဖြင့် အသားအရေ ရွှေအဆင်းရှိခြင်း၊ အညစ်အကြေးကင်းစင်ခြင်း၊ ရောင်စုံအဝတ်အထည်ဆင်မြန်းရခြင်း၊ ပိုးဖဲကတ္တီပါတို့ကို ဝတ်ဆင်ရခြင်း စသည့်အကျိုးထူးများ ခံစားရရှိနိုင်ကြောင်း ကျမ်းဂန်အရ၊ အဆိုအမိန့်များအရ သိရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့်ပြည့်စုံသည့် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ဗုဒ္ဓဘုရားရှင်က ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးခဲ့ခြင်းဖြစ်၍ ဗုဒ္ဓအလိုကျဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၈/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် ဦးစီးကော်မတီက ဆပ်ကော်မတီ ၁၀ ခုတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို စနစ်တကျခွဲဝေ၍ တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အခမ်းအနားကျင်းပပြီးစီးသည်အထိ လုံခြုံရေးတာဝန်များကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အစားအသောက်များ ချက်ပြုတ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခမ်းအနားအောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအလိုက် ဝိုင်းဝန်းပူးပေါင်းစီစဉ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

# မိုရာဆိုင်ကလုန်းကြောင့် ဘေးသင့်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ဒေသများသို့ ကွင်းဆင်း၍ မှတ်တမ်းများရယူ

**စစ်တွေ ဇွန် ၂၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီငါးခုမှ အဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ဇွန် ၁၉ ရက် နံနက်ပိုင်းက စစ်တွေမြို့နယ်ရှိ အုန်းတောချေကယ်ဆယ်ရေးစခန်း၊ အုန်းတောကြီး ကယ်ဆယ်ရေးစခန်း၊ ဘောဒူဖကယ်ဆယ်ရေးစခန်း၊ ဆေးသမားကြီး ကယ်ဆယ်ရေးစခန်းနှင့် သက္ကေပြင် ကယ်ဆယ်ရေးစခန်းများအား သွားရောက်ကာ ကြည့်ရှုစစ်ဆေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ပေါက်တောမြို့နယ်ရှိ ကြိမ်နီပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်စစ်ဆေးပြီး လိုအပ်ချက်များကို လေ့လာစစ်ဆေးကြသည်။

ကိုယ်စားလှယ်များသည် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်စစ်ဆေးရာတွင် မိုရာဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင် တည်ဆောက်ပေးရမည့် လူနေအဆောက်အအုံများ အခြေအနေနှင့် ယာယီအခိုအကာ လိုအပ်မှုရှိ/မရှိ၊ လက်တလော ဖြေရှင်းရမည့် လိုအပ်ချက်များရှိ/မရှိ၊ ပညာရေး၊ ကျန်းမာရေး၊ သက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဆောင်ရွက်မှု စသည်တို့ကို စိစစ်၍ မှတ်တမ်းရယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ်သို့ သွားရောက်ကွင်းဆေးစစ်ဆေးသည့် အဖွဲ့တွင် အမျိုးသားကော်မတီလက်အောက်ရှိ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ဝင် ကိုယ်စားလှယ်များ ပါဝင်သည်။


လုပ်ငန်းကော်မတီငါးခုမှ အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုရာကြောင့် ထိခိုက်မှုရှိခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ပေါက်တောခရိုင်များသို့ ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ သွားရောက်ကွင်းဆင်းစစ်ဆေး၍ ဒေသခံများ၏ လိုအပ်ချက်များနှင့် မှတ်တမ်းများကိုရယူခဲ့ကြသည်။

**(သတင်းစဉ်)**



**ဇွန် ၁၉ ရက် နံနက်ပိုင်းက စစ်တွေမြို့နယ်ရှိကယ်ဆယ်ရေးစခန်းသို့ ကွင်းဆင်း၍ မှတ်တမ်းများရယူစဉ်။**

**တပ်မတော်(လေ)မှ Y-8 လေယာဉ်အား စစ်ရေယာဉ်များဖြင့် ရှာဖွေရေးဆောင်ရွက်လျက်ရှိသည့် နယ်မြေပြမြေပုံ(၂၀-၆-၂၀၁၇)**



# ဆိုနာစနစ်မှဖမ်းယူရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ ဒေသခံငါးဖမ်းစက်လှေများဖြင့် ပိုက်ဆွဲရှာဖွေ၊ လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများနှင့် ရုပ်အလောင်းတစ်လောင်းတွေ့ရှိ

**နေပြည်တော် ဇွန် ၂၀**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိနေသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေးအတွက် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် လေယာဉ်အမြီးပိုင်းတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်မှ လေယာဉ်ကိုယ်ထည်အစိတ်အပိုင်း အလူမီနီယံပြားသုံးပြားနှင့် အမျိုးသားရုပ်အလောင်းတစ်လောင်းကို ဆယ်ယူရရှိခဲ့သည်။

ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၉၃ လောင်းရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ✪ အောင်လအန်ဆန်မှ

၂၀၁၇ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် MMA ပြိုင်ပွဲတွင် တွဲဆိုင်း ၁၁ ပွဲ ပါဝင်မည်ဖြစ်ပြီး မြန်မာကစားသမားများ၏ တွဲဆိုင်းများအများဆုံးပါဝင်မည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့၏ ကမ္ဘာ့ချန်ပီယံလုပွဲမှာ အောင်လအန်ဆန်အတွက် စိတ်မကျေပွဲဖြစ်ပြီး ပထမအကြိမ်ကမ္ဘာ့ချန်ပီယံလုပွဲကို ဇန်နဝါရီ ဒုတိယပတ်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ အောင်လအန်ဆန်မှာ အမှတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။ အောင်လအန်ဆန်သည် မူလကယင်းပြိုင်ပွဲတွင် ထိုးသတ်ရန်အစီအစဉ်မရှိသော်လည်း ဘစ်ဒက်ရှ်နှင့်ထိုးသတ်ရန် စီစဉ်ထားသည့် ပြိုင်ဘက်ကစားသမားမှာ နုတ်ထွက်သွားသောကြောင့် အစားထိုးယှဉ်ပြိုင်ခဲ့ရပြီး လုံလောက်သည့် ပြင်ဆင်ချိန်မရသောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယခုအကြိမ်အတွက် အောင်လအန်ဆန်သည် အချိန်ယူကာ လေ့ကျင့်ပြင်ဆင်ထားပြီး ကစားသမားဘဝ ပထမဆုံးကမ္ဘာ့ချန်ပီယံဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။

အခြားတွဲဆိုင်းများအဖြစ် စောရန်ပိုင်(မြန်မာ)နှင့် စောဘဦး(မြန်မာ)၊ သပြေညို(မြန်မာ)နှင့် ထက်အောင်ဦး(မြန်မာ)၊ ဘရူနိုပူထိ(ဘရာဇီး)နှင့် ဂျင်မီယာဘို(ဖိလစ်ပိုင်)၊ ရွှေကျောင်းသား(မြန်မာ)နှင့် ရဲရင့်သွေး(မြန်မာ)၊ ရှောင်ကျန်ယီ(တရုတ်)နှင့် ကီမင်ချောင်(တောင်ကိုရီးယား)၊ အမျိုးသမီးတွဲဆိုင်းအဖြစ် ဂျင်နီဟောင်(တရုတ်တိုင်ပေ)နှင့် ယာမာဂူချိ(ဂျပန်)တို့ထိုးသတ်မည်ဖြစ်သည်။ ထို့ပြင် မြန်မာကစားသမားများအတွက် ဖလိုင်းဝိတ်တန်း ချန်ပီယံလုပွဲကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများအဖြစ် စောမင်းမင်းနှင့်ထွန်းလွင်မိုး၊ ရဲသွေးနီနှင့်ပတ်ကျော်လင်းအောင်တို့ ထိုးသတ်မည်ဖြစ်ကာ အနိုင်ရသူနှစ်ဦးမှာ ဗိုလ်လုပွဲထိုးသတ်မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်အတိုင်း ထိုးသတ်မည့် စိုးထက်ဦးနှင့်သွေးသစ်ဝင်းလှိုင်တို့ပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ချန်ပီယံဆုကို တစ်ကျော့ပြန်စိန်ခေါ်ထိုးသတ်မည့်အောင်လအန်ဆန်အနေဖြင့် ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် အောင်ပွဲခံနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်)**

# စတုတ္ထအကြိမ် ဘွဲ့လွန်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကျင်းပ




**ရန်ကုန် ဇွန် ၂၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှကျင်းပသော စတုတ္ထအကြိမ် ဘွဲ့လွန် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ နှီးနှောဖလှယ်ပွဲသည် ကုသရေးလုပ်ငန်းများ စွမ်းဆောင်ရည်နှင့် အရည်အသွေးပိုမို ပြည့်ဝလာစေရေးအတွက် ဘွဲ့လွန်ဆေးပညာရပ်များ သင်ကြားရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဆေးပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် သမိုင်းမှတ်တိုင်သစ်တစ်ရပ်သဖွယ်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခုနှစ်တွင် ဆေးပညာရပ်သင်ကြားရေးအပါအဝင် ကုသရေးဆိုင်ရာ ဘက်စုံဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေကို အလေအလွင့်မရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးတို့ကို ဦးစားပေး လုပ်ငန်းများအဖြစ် သတ်မှတ်ထားကြောင်း။

ပြောင်းလဲလာသော ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ကုသရေးဆိုင်ရာ တိုးတက်လာမှုများ၊ နည်းပညာတိုးတက်လာမှုများနှင့် အညီ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်ကြားရေးစနစ်များကို နိုင်ငံတကာအဆင့်မီ ရင်ပေါင်တန်း ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထုအား အရည်အသွေးမီ ကုသစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း။

ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးပညာရပ်များ သင်ကြားရေးတွင် မိမိတို့နိုင်ငံအခြေအနေနှင့် ဆီလျော်သော လက်ရှိအရင်းအမြစ်များဖြင့် ဆောင်ရွက်နိုင်သော အချက်များကို ဦးစားပေး၍ အဆင့်အလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့်အချက်များကို အားလုံးလက်တွဲပူးပေါင်း ဆွေးနွေးကြစေလိုကြောင်း။

ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးပညာသင်ကြားရေးတွင် ဆရာများ၏ အရည်အသွေးကိုပါ မည်သို့ မြှင့်တင်ပေးရမည်ကိုလည်း ထည့်သွင်းစဉ်းစားကြစေလိုကြောင်း၊ ဆေးပညာဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီမံချက်စနစ်တကျရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်ရန်လိုကြောင်း။

ယခုနှီးနှောဖလှယ်ပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေးချက် ရလဒ်များကိုလည်း ဝန်ကြီးဌာနမှ အထူးအလေးထားပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်လုပ်ဆောင်ခြင်း၊ ဖောက်ထွက်တွေးခေါ်စဉ်းစားခြင်း၊ ရေရှည်အကျိုးကို ကြည့်ခြင်းအားဖြင့် ပြည်သူများအတွက် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပိုမိုထွက်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Medical Syndicate Discussion with Medical Specialities ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ရှင်းလင်းဆွေးနွေးခဲ့ပြီး သဘာပတိ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

စတုတ္ထအကြိမ် ဘွဲ့လွန်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ကဏ္ဍများအလိုက် အဖွဲ့များခွဲကာ ဇွန် ၂၀ ရက်အထိ နှစ်ရက်တာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စက်သုံးဆီအရင်းဈေးကျသော်လည်း ရန်ကုန်မြို့တွင်း ရောင်းဈေးမကျ

**ရန်ကုန် ဇွန် ၂၀**
ဇွန် ၆ ရက်မှ ၁၂ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၀၃ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ၆၂၉ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၅၉၅ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၆၀၆ ကျပ်နှုန်းရှိသည်ဟု သက်ဆိုင်ရာသတင်းထုတ်ပြန်ချက်မှ သိရသည်။

ဇွန် ၁၂ ရက်မှ ယနေ့အထိ ရန်ကုန်မြို့တွင်း စက်သုံးဆီတစ်လီတာ ရောင်းဈေးများမှာ အောက်တိန်း ၉၂ (၆၇၅ မှ ၇၀၀ ကျပ်)၊ အောက်တိန်း ၉၅ (၇၃၀ မှ ၇၅၀ ကျပ်)၊ ဒီဇယ် (၆၇၀ မှ ၆၉၀ ကျပ်)၊ အဆင့်မြင့်ဒီဇယ် (၆၉၀ မှ ၇၁၅ ကျပ်)နှုန်း အသီးသီးရှိနေသည်ဟု စက်သုံးဆီဝယ်ယူသူများနှင့် ဆိုင်ဈေးနှုန်းများအရ သိရသည်။

ရက်သတ္တနှစ်ပတ်အတွင်း စက်သုံးဆီ တစ်လီတာ အရင်းဈေးမှာ အောက်တိန်း ၉၂ မှာ ၄၄ ကျပ်၊ အောက်တိန်း ၉၅ မှာ ၄၈ ကျပ်၊ ဒီဇယ်နှင့် အဆင့်မြင့် ဒီဇယ်တို့မှာ ၅၄ ကျပ်စီ ဈေးကျလာသည်။ သို့သော် ရန်ကုန်မြို့တွင်း ဝယ်ယူနေရသော ဆိုင်ဈေးနှုန်းများမှာ တစ်လီတာလျှင် အောက်တိန်း ၉၂ မှာ ၂၅ ကျပ်၊ အောက်တိန်း ၉၅ နှင့် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်တို့မှာ ကျပ် ၂၀ စီသာဈေးကျသည်ဟု ယာဉ်ပိုင်ရှင်များက ပြောသည်။

ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ဝယ်ယူသုံးစွဲနေသူများအနေဖြင့် ပြည်ပတွင် စက်သုံးဆီရေနံဈေးနှုန်း အပြောင်းအလဲတွင် ဈေးတက်ချိန်၌ တိုက်ရိုက်တစ်ပြေးညီ ပြည်တွင်းဈေးမြင့်တက်ခြင်းကို ခံစားရသော်လည်း ပြည်ပဈေးကျချိန်တွင်မူ ပြည်တွင်းဈေးနှုန်း ကျဆင်းခြင်းမှာ အနည်းငယ်သာရှိပြီး ကြုံတွေ့နေရသည်မှာ နှစ်အတန်ကြာရှိသည်။

ပီပြင်သော ဈေးကွက်စီးပွားရေးအသွင်ကို စက်သုံးဆီအပါအဝင် အများပြည်သူများ မရှိမဖြစ် နေ့စဉ်ဝယ်ယူသုံးစွဲနေရသော ကုန်စည်များ၏ ဈေးကွက်များတွင် ခံစားလိုကြောင်း စားသုံးသူများက မျှော်လင့်ပြောကြားသည်။ စက်သုံးဆီများ ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချခြင်းကို ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းကို သက်ဆိုင်ရာမှ ခွင့်ပြုထားရာ စက်သုံးဆီ ဝယ်ယူနေရသူများအနေဖြင့် ပြောင်းလဲနိုင်ရန်ရှိမည်ဟု မျှော်လင့်နေသော ပြည်တွင်းစက်သုံးဆီ ဝယ်ယူသုံးစွဲနေရခြင်းတွင် ဈေးနှုန်းအရည်အသွေး အခြင်အတွယ်များ ပြောင်းလဲနိုင်သည်ဟု ပြောဆိုနေကြသည်။

ဇွန်လအထိ မြန်မာပြည်တစ်ဝန်း ဖွင့်လှစ်ခွင့်ပြုထားသော ပုဂ္ဂလိကစက်သုံးဆီဆိုင် ပေါင်း ၂၀၉၁ ဆိုင်ရှိပြီး ချင်းပြည်နယ်တွင် တစ်ဆိုင်သာရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ၅၃၅ ဆိုင်ရှိရာ အများဆုံးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်ပေါင်း ၁၅၃ ဆိုင်ဖွင့်ထားသည်ဟု ဇွန် ၁၆ ရက်ထုတ် အပတ်စဉ်ဂျာနယ်တွင် ဖော်ပြထားသည်။

**မောင်စေအောင်။**





## ရထားဖြင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဇွန် ၂၀**
ရထားနှင့် ကားလမ်းသံလမ်းကူး (Level Crossing) နေရာများတွင် ရထားနှင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများမဖြစ်ပေါ်စေရေး၊ မှုခင်းကျဆင်းရေး၊ ရထားခဲပေါက်မှုမဖြစ်ပေါ်စေရေးတို့အတွက် မြန်မာ့မီးရထား တိုင်း(၇) ရန်ကုန်မှ ဦးဇော်လွင် (မန်နေဂျာ) (သွားလာ/တိုင်း)၊ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄) တပ်ခွဲ (အင်းစိန်) တပ်ခွဲမှူး ဒုတိယရဲမှူး စိုးမိုးလွင်၊ အင်းစိန်ရထားရဲစခန်း တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ် အင်းစိန်ဘူတာရှိ ရထားစီးခရီးသည်များ နားနေဆောင်ခန်းမ၌ ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက ရထားစီးခရီးသည်များအပါအဝင် အနေးယာဉ်ဆိုက်ကားလုပ်သားများ၊ အငှားယာဉ်မောင်းများ စုစုပေါင်း ၁၀၀ ကျော်တို့အား အသိပညာပေး ဟောပြောမှုများပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေအကြောင်း ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း။**

## Food & Hotel Myanmar ပြပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၀** - အစားအသောက်၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းနှင့် အစားအစာဝန်ဆောင်မှုဆိုင်ရာ ကိရိယာများ၊ ထောက်ကူပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် နိုင်ငံအစုံလင်ဆုံးနှင့် အရေးအပါဆုံးကုန်စည်ပြပွဲဖြစ်သည့် Food & Hotel Myanmar ပြပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းက "ကျွန်တော်တို့အသင်းအနေနဲ့ Food & Hotel Myanmar ပြပွဲတိုင်းမှာ နှစ်စဉ်ပါဝင်ဖြစ်ခဲ့ပြီး ပြပွဲဖြစ်မြောက်ဖို့အတွက် ထောက်ပံ့လုပ်ဆောင်ပေးနေပါတယ်။ ပြပွဲတိုင်းကလည်း နိုင်ငံတကာမှာရှိနေတဲ့ ဟိုတယ်နဲ့ပတ်သက်တဲ့ ကုမ္ပဏီတွေ၊ အစားအသောက်လုပ်ငန်းနဲ့ပတ်သက်တဲ့ကုမ္ပဏီတွေကို ခေါ်ယူနေကျပါ။ နိုင်ငံတကာက အစားအသောက်ကုမ္ပဏီတွေ လာရောက်ပြသကြတာမို့ ဟိုတယ်လုပ်ငန်းနဲ့ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သူတွေအတွက် အကျိုးရှိပါတယ်။

အစားအသောက်ထဲထည့်တဲ့ပစ္စည်းတွေကို ဘယ်ပစ္စည်းကဘယ်နေရာမှာ အသုံးပြုရမလဲဆိုတာ လေ့လာခွင့်ရပြီး သူတို့ဆီက နောက်ဆုံးပေါ်နည်းပညာတွေကိုလည်း ညှိနှိုင်းဆွေးနွေးတိုင်ပင်လို့ရပါတယ်။ အခုဆို နိုင်ငံခြားသားတွေလည်း မြန်မာနိုင်ငံမှာ အများကြီးဝင်ရောက်နေတာဖြစ်ပြီး ကျွန်တော်တို့ဆီမှာလည်း အစားအသောက်နဲ့ပတ်သက်တာတွေကို နားလည်သူတွေများပြားလာတာမို့ သန့်ရှင်းလတ်ဆတ်တဲ့ အစားအစာတွေကို ပြည်သူတွေက စားသုံးဖို့ တဖြည်းဖြည်းနားလည်လာကြပြီး ရောင်းချတဲ့ စားသောက်ဆိုင်တွေကလည်း တဖြည်းဖြည်းပြောင်းလဲလာကြတော့မှာပါ"ဟု ပြောသည်။

**(စိုးဝင်း-MLA)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် AIIB ဘဏ်၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဇွန် ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB)၏ ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေး (Country Investment Forum) သို့ တက်ရောက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ ဂျယ်ဂျူကျွန်းသို့ ဇွန် ၁၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရောက်ရှိသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် LOTTE JEJU Hotel ၌ KOOKMIN BANK မှ အကြီးတန်း ဦးဆောင်ညွှန်ကြားရေးမှူး Mr. Park Jae Hong နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် KOOKMIN BANK တို့ ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးအတွက် ငွေကြေးဆိုင်ရာရန်ပုံငွေစနစ် ထူထောင်မည့်ကိစ္စများ၊ ပြည်သူ့အိမ်ရာများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ္ဍာရေးကိစ္စများနှင့် ပုဂ္ဂလိကအိမ်ရာဖွံ့ဖြိုးရေးအတွက် အသေးစားချေးငွေလုပ်ငန်းများ Korea-Myanmar Industrial Park (KMIC) စတင်ပါက စက်မှုဇုန်တွင် အလုပ်သမားငါးသောင်းခန့် အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ဘက်စုံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့ပြကျေးလက်နေပြည်သူများအတွက် Micro Finance အစီအစဉ်ကို ကိုရီးယားနိုင်ငံ KB Bank အနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဇွန် ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် KENSINGTON JEJU HOTEL ၌ ကျင်းပသည့် မြန်မာနိုင်ငံ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ L&H Company တို့ကြား Korea Myanmar Industrial Complex Project နှင့်ပတ်သက်ပြီး နားလည်မှုသဝဏ်လွှာ လက်မှတ်ရေးထိုးပွဲကို တက်ရောက်သည်။

အဆိုပါ နားလည်မှုသဝဏ်လွှာစာချုပ်ကို မြို့ပြနှင့် အိမ်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် L&H Company CEO Mr. Park Sang Woo တို့ လက်မှတ်ရေးထိုးကြသည်။

အဆိုပါ စီမံကိန်းသည် ဧက ၅၇၀ ကျယ်ဝန်းပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ညောင်နှစ်ပင်တွင် တည်ရှိကာ ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် စက်မှုဇုန်စီမံကိန်းဖြစ်ပြီး နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းမှ တစ်သိန်းအထိ ရှာဖွေပေးနိုင်မည့် စီမံကိန်းဖြစ်သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် JEJU International Convention Centre တွင် ပြုလုပ်သည့် AIIB ဘဏ်၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါအစည်းအဝေးသို့ ကိုရီးယားနိုင်ငံ သမ္မတကြီး Mr.MoonJae.In တက်ရောက်ကာ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါ ICC ၏ Halla ခန်းမ၌ ပြုလုပ်သည့် Country Investment Forum သို့ တက်ရောက်ကာ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် အခွင့်အလမ်းများကို နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များကို ဆွေးနွေးရှင်းပြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ICC တွင် ကိုရီးယားနိုင်ငံ Ministry of Land, Infrastructure and Transportation မှ ဒုတိယဝန်ကြီး H.E.Mr. Son Byeong-Suk အား တွေ့ဆုံသည်။

ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံမှ ပေးအပ်မည့်အကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဇွန် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် SHELLA JEJU HOTEL တွင် ကိုရီးယားနိုင်ငံ KoreaEXIM BANK မှ ဥက္ကဋ္ဌ Mr. Jong Ku Choi နှင့် အဖွဲ့အားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများအတွက် ကိုရီးယားနိုင်ငံ သွင်းကုန်၊ ထုတ်ကုန်ဘဏ်အနေဖြင့် ပေးအပ်မည့် အကူအညီများနှင့် အတိုးမဲ့ချေးငွေကိစ္စရပ်များ၊ ယခုဆောင်ရွက်မည့် ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းအတွက် ကိုရီးယားနိုင်ငံ သွင်းကုန်၊ ထုတ်ကုန် ဘဏ်အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုများ ပြုလုပ်မည့် အစီအစဉ်များနှင့် ရှေ့ဆက်လက်ပြီးဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် BOOYANG JEJU HOTEL ၌ ပြုလုပ်သည့် BUSINESS LEADERS' LUNCEON ပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် အခွင့်အလမ်းများကို တက်ရောက်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဇွန် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်းမှ ပြန်လည်ထွက်ခွာလာခဲ့ရာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ည ၁၀ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဝယ်လိုအားနည်းပါးမှုနှင့် လုပ်သားရှားပါးမှုအခက်အခဲများ သနပ်ခါးစိုက်တောင်သူများ ကြုံတွေ့နေ

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းရှိ သနပ်ခါးစိုက်တောင်သူများသည် ဈေးကွက်အတွင်း ဝယ်လိုအားနည်းပါးမှုနှင့် လုပ်သားရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုး ထုတ်လုပ်၊ တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။



"ကျွန်တော်တို့ သနပ်ခါးဈေးကွက်ကို စိန်ခေါ်နေတာက ထိုင်းနိုင်ငံက ဝင်လာတဲ့ သနပ်ခါးအလှကုန်တွေက သနပ်ခါးတစ်မှုန်မှမပါဘဲနဲ့ သနပ်ခါးဆိုတဲ့ခေါင်းစဉ်တွေနဲ့ ကျွန်တော်တို့ အလဲထိုးခံနေရပါတယ်။ ရောင်းလိုအားက များပြီးတော့ ဝယ်လိုအားကနည်းနေတဲ့အပြင် အလုပ်သမားဈေးတွေ၊ ပိုးသတ်ဆေးဈေးတွေကလည်း မြင့်နေတယ်။ ဒီလိုပြဿနာတွေ ဖြေရှင်းနိုင်ဖို့ ဈေးကွက်အသစ်တွေ ရှာဖွေနေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ သနပ်ခါးအသင်းကြီး မကြာမီ ပေါ်ပေါက်လာကာ တရားဝင်ဥပဒေတွေ ပြဋ္ဌာန်းပြီး သနပ်ခါးဆိုတဲ့ ခေါင်းစဉ်တပ်ပြီး ဝင်လာတဲ့ အလှကုန်ပစ္စည်းတွေကို ဥပဒေအရအခိုင်အမာကာကွယ်နိုင်ဖို့ ပြင်ဆင်နေပါတယ်" ဟု ၎င်းက ပြောသည်။

အရာတော်မြို့နယ်တွင် အခြားသီးနှံစိုက်ပျိုးမှုမဖြစ်နိုင်သည့်အတွက် ထန်းတက်၊တောင်ယာလုပ်ရင်း ဆူးမျိုးနွယ်ဖြစ်သည့် သနပ်ခါးကိုသာ အဓိကအားထားစိုက်ပျိုးနေရသဖြင့် သနပ်ခါးကို အသေးစားသစ်တောထွက်ပစ္စည်းစာရင်းတွင် ထည့်သွင်းထားခြင်းသည် သနပ်ခါးဈေးကွက်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း ဒေသခံ သနပ်ခါးစိုက် တောင်သူများက ပြောသည်။

သနပ်ခါးစိုက်တောင်သူများ လူမှုဘဝ မြင့်မားလာစေရန် အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကို ဖွဲ့စည်းခဲ့ပြီး နှစ်နှစ်ကျော်ကာလအတွင်း၌ အခြေခံအလှကုန်ထုတ်လုပ်နည်းရှစ်မျိုးကို အသင်းသားတောင်သူများအား သင်တန်းပေးနိုင်ခဲ့သည့်အပြင် အမေရိကန်နိုင်ငံ နည်းပညာဖြစ်သော အသေးစားစီမံခန့်ခွဲမှု နည်းပညာသင်တန်းကိုလည်း ပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် လက်ရှိသနပ်ခါးစိုက်တောင်သူများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် သမားရိုးကျ သနပ်ခါးရောင်းချမှုမှ တစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် သနပ်ခါးမြစ်ရည်၊ အသားချော သနပ်ခါးအနှစ်၊ သနပ်ခါးမှုန့်၊ သနပ်ခါး Lotionများနှင့် သနပ်ခါးနှင့် ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်ကာ ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ကြိုးစားလျက်ရှိသည်။

ထို့ပြင် အသင်းသားများကိုလည်း သနပ်ခါးနှင့်ပတ်သက်၍ မြန်မာတစ်နိုင်ငံလုံးတွင် လွတ်လပ်စွာသွားလာခွင့်ပြုထားသော Smart Card များကို အသင်းမှ ထုတ်ပေးထားသည့်အပြင် သနပ်ခါးကို အသေးစားသစ်တောထွက် ပစ္စည်းစာရင်းမှ ပယ်ဖျက်နိုင်ရန် အတွက်လည်း ကြိုးစားနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးကို အရာတော်၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်နှင့် မြိုင်စသည့် ငါးမြို့နယ်တွင် အများဆုံး စိုက်ပျိုးကြသော်လည်း တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းသည် အရာတော်မြို့နယ်မှ စိုက်ပျိုးထုတ်လုပ်ကာ သနပ်ခါးစိုက်ပျိုးမှုအပေါ်တွင် မှီခိုအသက်မွေးမှုပြုလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် (ပဲခူး) စတုတ္ထနေ့ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ (တတိယ) ပွဲစဉ်အား ဇွန် ၁၈ ရက်တွင် ပြိုင်ပွဲစတုတ္ထနေ့အဖြစ် ဆုပေးပွဲအခမ်းအနားကို ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲ၏ဒုတိယနေ့တွင် ဝါသနာရှင်အဆင့်(အမျိုးသား) လင်းသဲနှင့် ပြိုင်ပွဲ၏ တတိယနေ့တွင် ပညာရှင်အဆင့်တွင် ဇော်ဇော်လတ်တို့က (Hole In One) ဆုကိုလည်းကောင်း၊ အမျိုးသမီးဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် ဒုတိယရရှိခဲ့သော မေဦးခိုင်နှင့် စုစုပေါင်းရိုက်ချက် ၂၃၁ ချက်ဖြင့် ပထမရရှိခဲ့သော သင်းဝေခိုင်တို့ကိုလည်းကောင်း၊ အမျိုးသား ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ဒုတိယရရှိသော သီဟဌေးနှင့် စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် ပထမရရှိသော မောင်မဲတို့ကိုလည်းကောင်း၊ Professional ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် အချက် ၁၀ လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် ပထမဆုရရှိသွားသော သိန်းဇော်မြင့် (Taylormade) ကိုလည်းကောင်း တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် Professional ပညာရှင်အဆင့်တွင် ပထမရရှိသွားသော သိန်းဇော်မြင့်အား ဂုဏ်ပြုငွေချက်လက်မှတ်အား မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်က ချီးမြှင့်ခဲ့သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ- ဂေါက်သီးအဖွဲ့ချုပ်**



# မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အထောက်အထားမဲ့ ယာဉ်ခြောက်စီး ဖမ်းဆီးရမိ

**မြဝတီ ဇွန် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် အထောက်အထားမဲ့ လိုင်စင်မဲ့ယာဉ် ခြောက်စီးကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ပြီးခဲ့သည့် မတ် ၁ ရက်မှ စတင်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဇွန် ၁၉ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Pajero နှစ်စီး၊ Toyota Estima တစ်စီး၊ Toyota Ipsum တစ်စီး၊ Toyota Wish တစ်စီးနှင့် Mini Saloon တစ်စီးတို့ကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ သန်းခန့်ကို ဖမ်းဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇွန် ၁၉ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးနိုင်ခဲ့မှု ကိုးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၈၀၆၁ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**



**တရားဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Mitsubishi Pajero, Toyota Ipsum, Toyota Estima, Toyota Wish နှင့် Mini Saloon ယာဉ်တို့ကို တွေ့ရစဉ်။**

# ချမ်းမြသာစည်မြို့နယ်တွင် သိန်း ၆၅၀ ကျော် ဖောက်ထွင်းခိုးယူသွားသူများအား ဖမ်းဆီးရမိ

**မန္တလေး ဇွန် ၂၀**

ဇွန် ၇ ရက် နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ် မြို့သစ် (၂)ရပ်ကွက် (၇၂) လမ်း ခိုင်ရွှေဝါလမ်းနှင့် ဂေါ်သဇင်လမ်းကြား (ဆ-၁၀/၆၀) နေ ကိုသူရဇော်၏ နေအိမ်တံခါးများပွင့်နေပြီး နေအိမ်အတွင်း ရပ်ထားသော ယာဉ်မှာ မတွေ့ရသည့်အတွက် အမှတ်(၁၁)နယ်မြေရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားသဖြင့် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်နှင့် အမှတ်(၁၁)နယ်မြေရဲစခန်းမှူးတို့က သက်သေများနှင့်အတူ အခင်းဖြစ်အိမ်ကို ကြည့်ရှုစစ်ဆေးရာ ခြံဝင်းသံပန်းတံခါးသော့နှင့် အိမ်ဝင်ပေါက် တံခါးသော့တို့ကို Cutter ဖြင့်ဖြတ်တောက်ပြီး နေအိမ်အတွင်း ရပ်ထားသော MDY 4N/-----Van Guard အဖြူရောင်ယာဉ်နှင့် နေအိမ်ဒုတိယထပ် အိပ်ခန်းအတွင်းမှ ရွှေထည်ပစ္စည်း ၁၇ မျိုး(တန်ဖိုးကျပ် ၉၈ သိန်းခန့်ပါ)၊ မီးခံသေတ္တာတစ်လုံး၊ အသုံးအဆောင်ပစ္စည်း ခုနစ်မျိုး၊ စုစုပေါင်းတန်ဖိုး ၆၅၈၀၄၅၀၀ ကျပ်တို့ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပြီး နေအိမ်အတွင်း တပ်ဆင်ထားသော CCTV မှတ်တမ်းများကို format ချဖျက်ထားသည်ကို တွေ့ရှိရသည်။

အခင်းဖြစ်နေအိမ်တွင် ကိုသူရဇော်နှင့်ဇနီး ဒေါ်မြမဥ္ဇူတို့ နေထိုင်ကြပြီး လွန်ခဲ့သော တစ်ပတ်ခန့်က ဒေါ်မြမဥ္ဇူသည် ရမည်းသင်းမြို့တွင် သွားရောက်နေထိုင်လျက်ရှိပြီး ဇွန် ၆ ရက်တွင် ကိုသူရဇော်မှာ ရန်ကုန်သို့ ထွက်ခွာသွားကြောင်း သိရသည်။

အမှုမှ ပါဆုံးသွားသော သက်သေခံကား အဖြူရောင်ယာဉ်မှာ ဗန်းမော်မြို့သို့ ရောက်ရှိနေကြောင်း အမာခံသတင်းပေးများမှတစ်ဆင့် သတင်းရရှိ၍ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဗန်းမော်ခရိုင်နှိမ်နင်းရေးဌာနစိတ်သို့ ဆက်သွယ်၍ သက်သေခံမော်တော်ယာဉ်နှင့် လက်ဝယ်တွေ့ရှိသူ ဖိုးအောင်(ခ) ကိုကိုအောင်အား ဗန်းမော်မြို့နယ် မင်းကျောင်းကုန်းရပ်ကွက် သစ်တောဝင်းအတွင်းမှ ဖမ်းဆီးရမိခဲ့သည်။

ဖိုးအောင်(ခ) ကိုကိုအောင်အား စစ်ဆေးခဲ့ရာ ပါဆုံးမော်တော်ယာဉ် အဖြူရောင်ယာဉ်အား မင်းသုခဆိုသူက မန္တလေးမြို့မှ ဗန်းမော်မြို့သို့ ယူဆောင်လာပြီး ဖိုးအောင်(ခ)ကိုကိုအောင် ပိုင်ဆိုင်သည့် YGN-2I/----SURF(96 Model) အပြာရောင်ယာဉ်ဖြင့် အလဲအထပ် ရောင်းဝယ်ပြုလုပ်သွားကြောင်းနှင့် မင်းသုခမှာ ကျောက်ပန်းတောင်းမြို့တွင် ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ကျောက်ပန်းတောင်း မြို့မရဲစခန်းမှူးထံသို့ မင်းသုခကို ဖမ်းဆီးရမိရေး ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာ ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ရှိ Grand 2 Hotel တွင် မင်းသုခ (၁၈)နှစ်နှင့်အတူ တိုးဝေအောင်(၁၇)နှစ်တို့ကို အပြာရောင်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် တရားခံမင်းသုခနှင့် တိုးဝေအောင်တို့အား စစ်မေးရာ ၎င်းတို့နှင့်အတူ ဟိန်းမင်းအောင် မင်းကုန်းရပ်ကွက် အကွက်(၃၇၃) ချမ်းမြသာစည်မြို့နယ်၊ ပြည့်ဖြိုး ရွှေတိုးကုန်းရပ်ကွက် အကွက်(၃၆၃) ချမ်းမြသာစည်မြို့နယ်၊ မဲလုံး(ခ)ဆန်းထွန်းနိုင် လက်ကောင်းကျေးရွာ ပုသိမ်ကြီးမြို့နယ်၊ သီဟနိုင်(ခ)နီဂရိုး လက်ကောင်းကျေးရွာ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်း(ခ) နေထက်အောင် ရွှေးစုကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူနှင့် ရန်ရန်တို့ ပူးပေါင်း၍ ပြစ်မှုကျူးလွန်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အသေးစိတ်ထပ်မံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# တောင်ပြိုလက်ဝဲမြို့၌ စိတ်ကြွဆေးပြား ၂၁၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၀**

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့၌ ယမန်နေ့ ညနေပိုင်းက စိတ်ကြွဆေးပြား ၂၁၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တောင်ပြိုလက်ဝဲမြို့၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က အမှတ်(၂) ရပ်ကွက်နေ ဟိုက်ရိုလောက်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်း၏ဇနီး မဂျိုနီတာရာနှင့် တစ်ရွာတည်းနေ နိုရိုလာမိန်တို့အား တွေ့ရှိပြီး WY စိတ်ကြွဆေးပြား ၂၁၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၄၂၀ သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗိုလ်တထောင်ဘုရား မီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၂၀**

ဗိုလ်တထောင်ဘုရား မီးပွိုင့်တွင် ဇွန် ၂၀ ရက် နံနက် ၈ နာရီခန့်က YBS (58) ယာဉ်လိုင်းမှ ခရီးသည်တင် မှန်လုံယာဉ်ကြီးတစ်စီးအား ၁၈ ဘီး ကွန်တိန်နာယာဉ် တစ်စီးက ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါမီးပွိုင့်တွင် YBS (58) ယာဉ်လိုင်းမှ 9M----- ခရီးသည်တင် မှန်လုံယာဉ်ကြီးက အနောက်မှ အရှေ့ ကမ်းနားလမ်းအတိုင်း ဖြတ်မောင်းပြီး ယာဉ်အမှတ် 1J---- ၁၈ ဘီး ကွန်တိန်နာယာဉ်က အနောက်မှအရှေ့သို့ ကမ်းနားလမ်းသစ်ဘက်မှ လမ်းဟောင်းဘက်သို့ ဖြတ်ချိုးမောင်းနှင်စဉ် ခရီးသည်တင်မှန်လုံယာဉ် ညာဘက်ဘေးစောင်း အနောက်အဆင်းတံခါးအနီးကို တိုက်မိသွားခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် YBS (58) ယာဉ်လိုင်းမှ မှန်လုံယာဉ်ကြီးတွင် ညာဘက်ဘေး လူဆင်းတံခါးအနောက်နားရှိ မှန်တစ်ချပ်ကြေမွပျက်စီးခဲ့ပြီး ဒဏ်ရာရရှိသူများ မရှိကြောင်း၊ ညာဘက်ခြမ်း ယာဉ်ကြောပိတ်ဆို့သွားသဖြင့် မီးပွိုင့်မှ အချက်ပြမီးများ အသေရပ်နားထားပြီး (၅၁)လမ်းမှ ယာဉ်ထိန်းရဲနှစ်ဦးက လာရောက်၍ ယာဉ်လမ်းကြောရှင်းလင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သန်းငွေး(ဒလ)**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈ (က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | လက်ဖက် | အောင်ဆုမွန် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၂။ | Dehydrated Fruits(ချယ်ရီသီး) | WPK | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၃။ | ငရုတ်သီးပုံချိုချဉ် | ယု | Rhodamine B, Auramine O (ခွင့်မပြုဆိုးဆေး) |
| ၄။ | လက်ဖက် | ရွှေသရဖူ | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၅။ | ပုဇွန်ငါးပိ | စိန်မြ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၆။ | ကြက်သွန်မုန့် | ရွှေပင်လယ် | Orange II (ခွင့်မပြုဆိုးဆေး) |
| ၇။ | လက်ဖက်ထောင်းနှပ် | အောင်ဆုမွန် | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၈။ | အရောင်တင်မှုန့် | မြဟန်ဂုဏ် | Orange II, Sudan III (ခွင့်မပြုဆိုးဆေး) |
| ၉။ | မရွေး | လင်းလင်းဖြိုး | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၀။ | အရောင်တင်မှုန့် | ထိပ်တန်း | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၁၁။ | ရောင်စုံဘောလုံးချိုချဉ် | ပွင့်လန်း | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၂။ | ပဲကြီးလှော် | မေငြိမ်းချမ်း | Auramine O (ခွင့်မပြုဆိုးဆေး) |
| ၁၃။ | ချယ်ရီသီး | ဇွန်ပန်းနွယ် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၄။ | လက်ဖက်ခြောက် (အချိုခြောက်) | ဟော်နန်းသူဇာ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၅။ | ချယ်ရီသီး | Miki-ko | Rhodamine B (ခွင့်မပြုဆိုးဆေး) |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**အောင်ဆုမွန် အမှတ်တံဆိပ်လက်ဖက်**



**ရွှေပင်လယ် အမှတ်တံဆိပ်ကြက်သွန်မုန့်**




**စိန်မြအမှတ်တံဆိပ် ပုဇွန်ငါးပိ**

# စီရီနယ်လ်ဒိုမှာ ရီးယဲလ်ကစားသမားအဖြစ်သာ ရှိသေးသည်ဟု ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ် ထောက်ပြ



စီရီနယ်လ်ဒိုမှာ ရီးယဲလ်ကစားသ

# အေစီမီလန်တွင် မြိမ်းခြောက်သလို ခံစားရလို့ စာချုပ်သစ် လက်မှတ်ရေးထိုးခြင်း မရှိတာလို့ဆိုတဲ့ ဒိုနာရူးမား




အေစီမီလန်ဂိုးသမား ဒိုနာရူးမားကို မိခင်ကလပ်အသင်းက သက်တမ်းတိုးစာချုပ်ကမ်းလှမ်းခဲ့ပေမယ့် ပယ်ချခဲ့တာက ငွေကြေးကြောင့်မဟုတ်ဘဲ ခြိမ်းခြောက်သလို ခံစားရတာကြောင့်ဖြစ်ကြောင်း ဒိုနာရူးမားရဲ့ အေးဂျင့်ဖြစ်သူ ရှိုင်လိုလာက ဆိုလိုက်ပါတယ်။ အီတလီယူ-၂၁ အသင်းက ဒိန်းမတ်ယူ-၂၁အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ ပွဲမှာ ပရိသတ်တွေက ဒိုနာရူးမားကို ငွေတုတွေနဲ့ ပစ်ပေါက်ပြီး“ ဒေါ်လာရူးမားပဲ” လို့ သုံးနှုန်းခဲ့တာဟာ အားကစားလောကအတွင်း အတော်လေးဂယက်ရိုက်သွားခဲ့တဲ့ အကြောင်း ဖြစ်ခဲ့ပါတယ်။

ဒိုနာရူးမားနဲ့ အေစီမီလန်အသင်းတို့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ လာမယ့်ရာသီမှာ ကုန်ဆုံးမှာဖြစ်ပြီး အေစီမီလန်အသင်းရဲ့စာချုပ်သစ်ကို ကစားသမားက ပယ်ချခဲ့တာဖြစ်ပါတယ်။ ရှိုင်လိုလာရဲ့ စွဲချက်ကို အေစီမီလန်အသင်းအမှုဆောင်အရာရှိချုပ် မာကို ဖက်ဆိုနီက ငြင်းပယ်ခဲ့ပြီး သူက ဒိုနာရူးမားကို ခေါ်ချင်ရင် ယူရိုသန်း ၁၀၀ ပဲလို့ ကြေးခေါ်ခဲ့ပါတယ်။

ရှိုင်လိုလာကတော့ တနင်္ဂနွေနေ့က ကစားခဲ့တဲ့ ပွဲမတိုင်မီ အေစီမီလန်အားကစား ဒါရိုက်တာ မီရာဘယ်လီက စာချုပ်သစ်သာ လက်မှတ်မရေးထိုးရင် လာမယ့်ရာသီ ဒိုနာရူးမား အရန်ခုံပေါ်မှာပဲ ထိုင်ရမယ်ဆိုတဲ့စကားနဲ့ ခြိမ်းခြောက်ခဲ့တယ်လို့ အီတလီမီဒီယာတွေကို ဖွင့်ဟခဲ့ပါတယ်။ ဒါ့အပြင် မီလန်အသင်းက ဒိုနာရူးမားကို ဇွန် ၁၃ ရက်ကို စာချုပ်သစ်လက်မှတ်ရေးထိုးရမယ့် နောက်ဆုံးရက်အဖြစ် ဖိအားပေးခဲ့တယ်လို့ ရှိုင်လိုလာက ဆိုပါသေးတယ်။ ရှိုင်လိုလာက ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ပေါ့ဘာကို ဂျူဗင်တပ်ကနေ မန်ယူအသင်းဆီ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ပြောင်းရွှေ့စေခဲ့သူပါ။ ခုနောက်ပိုင်းနှစ်တွေမှာ ရှိုင်လိုလာရဲ့ ခြေလှမ်းများက နာမည်ကျော် အေးဂျင့် ဂျော့ဂျ်မန်းဒက်ဇ်ထက်တောင် သွက်နေပြီး ပြီးခဲ့တဲ့နှစ် အကောင်းဆုံးအေးဂျင့်ဆုကို ရရှိခဲ့ရုံသာမက ဝင်ငွေအားဖြင့်လည်း ထိပ်ဆုံးမှာ ရပ်တည်ခဲ့သေးတာပါ။ ပေါ့ဘာရဲ့ အပြောင်းအရွှေ့ကိစ္စရပ်မှာ ပေါင်သန်း ၄၀ လောက် အကျိုးအမြတ်ယူခဲ့တယ်ဆိုတဲ့ စာချုပ်ပါ အချက်အလက်တွေ ပေါက်ကြားခဲ့တာကြောင့် ဖီဖာရဲ့ ဆင့်ခေါ်ခံထားရသူဖြစ်ပါတယ်။

## အေဂွန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ရရှိသည့် ဆုကြေးများကို ဂရန်းဖဲလ်တာဝါမီးလောင်မှုကို အန်ဒီမာရေး လှူဒါန်း



ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အန်ဒီမာရေးက ဘုရင်မကလပ်ပြိုင်ပွဲအဖြစ် လူသိများတဲ့ အေဂွန်ချန်ပီယံရှစ်ပြိုင်ပွဲမှရရှိတဲ့ ဆုကြေးငွေ ပေါင် ၃၅၀၀၀၀ ကို ဂရန်းဖဲလ်တာဝါ မီးလောင်ကျွမ်းမှုအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဘုရင်မကလပ်ပြိုင်ပွဲကျင်းပရာနေရာနဲ့ ဂရန်းဖဲလ်တာဝါတို့မှာ နှစ်မိုင်သာကွာဝေးပြီး မာရေးက သူ့အတွက် ခြောက်ကြိမ်မြောက် ဘုရင်မကလပ်ဖလားကို ရရှိခဲ့ပြီးနောက်တွင်ရရှိသည့် ဆုကြေးငွေကို ချက်လက်မှတ်တွင် လက်မှတ်ရေးထိုးကာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုကဲ့သို့ ရရှိတဲ့ဆုကြေးကို ချက်ချင်းလွှဲပြောင်းလှူဒါန်းမှုက မာရေးအတွက် ပထမဆုံးအကြိမ် မဟုတ်ဘဲ ၂၀၁၃ ခုနှစ်တွင်လည်း ကင်ဆာဆေးရုံသို့ ပေါင် ၇၅၀၀၀ လှူဒါန်းခဲ့ဖူးသည်။

## မက်ပီနဲ့ ရီးယဲလ်အသင်းပြောင်းရွှေ့မှု ပိုမိုလျင်လျင်မြန်မြန်ဖြစ်လာနိုင်



ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရီနယ်လ်ဒိုရဲ့အနာဂတ် တောက်လျှောက်လှုပ်ခတ်နေတာကြောင့် ဆယ်ကျော်သက် လူငယ်တိုက်စစ်မှူးလေးမက်ပီရဲ့ ရီးယဲလ်အသင်းဆီပြောင်းရွှေ့မှု ပိုမိုလျင်မြန်လာဖွယ်ရှိနေပြီဖြစ်သည်။ မက်ပီကို ဥရောပအသင်းကြီးများ၏ မြင့်မားတဲ့ ပြောင်းရွှေ့ကြေးနဲ့ ကမ်းလှမ်းမှုများကြောင့် မက်ပီက မိုနာကိုအသင်းကို ထွက်ခွာခွင့်ပေးရန် တောင်းဆိုထားပြီးဖြစ်သည်ဟု သိရသည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းတွင် ဘင်ဇီမာ၊ မိုရာတာ၊ စီရီနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့လို ထိပ်တန်းကစားသမားများရှိနေပြီးဖြစ်တာကြောင့် မက်ပီအနေနဲ့ ရီးယဲလ်ကို ပြောင်းရွှေ့ခြင်းက သူ့အနာဂတ်ကို စောစောစီးစီး သတ်ပစ်ရာရောက်နိုင်တယ်လို့ အကြံပြုချက်များရှိနေချိန် စီရီနယ်လ်ဒိုရဲ့ အနာဂတ်မရေမရာဖြစ်လာခြင်းက မက်ပီရဲ့ ရီးယဲလ်သွားရေး လမ်းကြောင်းကို ပိုမိုပီပြင်လာခဲ့ပြီဟု The Sun သတင်းဌာနက ဖော်ပြသည်။

## လာမည့်ရာသီ မန်ယူတွင် ဝိန်းရွန်းနီ ဆက်ရှိရန် အလားအလာများ



မန်ယူအသင်း လာမည့်ရာသီဝတ်ဆင်မည့် ဂျာစီဒီဇိုင်းသစ်တွင် အသင်းခေါင်းဆောင် ဝိန်းရွန်းနီ ပါဝင်ရိုက်ကူးခဲ့ရာ လာမည့်ရာသီတွင်လည်း မန်ယူတွင်သာ ဆက်ရှိနေရန် အလားအလာကောင်းသွားပြီဖြစ်သည်။ ဝိန်းရွန်းနီမှာ နည်းပြမော်ရင်ဟို လက်အောက်တွင် ၁၅ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး အရန်ခုံတွင်သာ အချိန်ကုန်ဆုံးနေရသူဖြစ်သည်။ သို့သော် ရာသီသစ်တွင် ဝတ်ဆင်မည့် ဂျာစီဒီဇိုင်းသစ်အတွက် ဓာတ်ပုံရိုက်ကူးမှု၌ ရွန်းနီပါဝင်လာခဲ့ရာ ပရိသတ်များက ယင်းမှာ ရွန်းနီလာမည့်ရာသီတွင်လည်း မန်ယူအသင်းတွင်ဆက်ရှိမည့် အချက်ပေးသံဖြစ်ကြောင်း လူမှု ကွန်ရက်များမှတစ်ဆင့် ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ကြသည်။ ရွန်းနီမှာ တစ်ယောက်တည်းပုံတစ်ပုံ၊ ပေါ့ဘာ၊ ဟာရဲရား၊ လင်းဂတ်တို့နှင့် တွဲဖက်ရိုက်ကူးထားသည့် ပုံတစ်ပုံကိုလည်း ဖေ့ဘွတ်စ်စာမျက်နှာထက်တင်ခဲ့သည်။

မေလှဲ့သင်း - စုစည်းရေးသားသည်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ကဗျာရွတ်ဆို၊ ပဒေသာကပွဲဖြင့်ဖျော်ဖြေ



**ချမ်းမြသာစည် ဇွန် ၂၀**
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) က ဦးဆောင်ကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂) နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲ၊ တိုင်းရင်းသားပဒေသာကပွဲဖျော်ဖြေပွဲကို ဇွန် ၁၉ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ မင်္ဂလာမန္တလေးပရိုမိုးရှင်းဧရိယာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့ရှိ ကဗျာဆရာများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ဂုဏ်ပြုကဗျာများရွတ်ဆိုကြခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများဖြင့်ဖျော်ဖြေခြင်း၊ တက္ကသိုလ်တိုင်းရင်းသားစာပေနှင့် အနုပညာအသင်းများက တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းများဖြင့် ဂုဏ်ပြုကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မိုးရေရယူသိုလှောင်အသုံးချခြင်းများ လုပ်ဆောင်သွားမည်

**မန္တလေး ဇွန် ၂၀**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခြောက်သွေ့ဒေသများတွင် ရေကြီးရေလျှံ မြေအောက်ရေခမ်းခြောက်မှုလျော့ပါးစေရန်နှင့် မြေဆီလွှာရေတိုက်စားမှုဒဏ်ကာကွယ်စေရန်အတွက် မိုးရေရယူသိုလှောင်အသုံးချခြင်းများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

"မိုးရေတွေ ဒီအတိုင်းအလဟဿ စီးဆင်းသွားမယ့်အတူတူ မြေကြီးထဲစိမ့်ဝင်သွားအောင် ပိတ်ဆို့လိုက်တာပေါ့။ သာမန်လူကတော့ ငါတို့သောက်စရာရေရှိတာပဲ ဒါလုပ်စရာမလိုဘူးလို့မြင်ပေမယ့် မြေအောက်ရေရှားပါးမှုကို ကြိုတင်ကာကွယ်ဖို့ဆိုရင် အနာဂတ်အတွက်ပြင်ဆင်ထားရပါမယ်။ Dry Zone (ခြောက်သွေ့ဒေသ)တွေကို အဓိကရည်ရွယ်တာပါ။ ဒီအတွက်လည်း ရေဘက်ဆိုင်ရာပညာရှင်တွေနဲ့ ဆွေးနွေးဖို့လုပ်ဆောင်နေပါတယ်" ဟု ဝန်ကြီးဦးမျိုးသစ်က ပြောသည်။

"မိုးရေလှောင်ကန်တွေက အဖွင့်ကန်ရယ်၊ အပိတ်ကန်ရယ်ရှိတယ်။ အဖွင့်ကန်ဆိုတာ မြေကြီးပေါ်တူးတဲ့ကန်ပေါ့။ မြေစိုက်ကန်လို့လည်းခေါ်တယ်။ သူကကျတော့ ရေပမာဏများများစားစားရမယ်။ ရေအရည်အသွေးကတော့ နည်းနည်းပြန်ပြုပြင်ရမယ်။ ရေအရည်အသွေးပြည့်ဖို့အတွက် ငွေကြေးတတ်နိုင်တယ်ဆိုရင် ကွန်ကရစ်အပိတ်ကန်တွေက အကောင်းဆုံးပဲ"ဟုအမျိုးသားစာပေဆုရ စာရေးဆရာ ဦးကျော်ဦးက သုံးသပ်ပြောကြားသည်။

ယင်းအဖွင့်ကန်များသည် ကုန်ကျစရိတ်နည်းပါးပြီး ကွန်ကရစ်အပိတ်ကန်များသည် အကြမ်းဖျင်းဈေးအနေဖြင့်ရေဂါလန် ၃၀၀၀ ဆံ့ ကန်တစ်ကန်လျှင် ငွေကျပ် ၁၇ သိန်းနှင့် သိန်းနှစ်ဆယ်ကြားတွင် ကုန်ကျစရိတ်ရှိကြောင်း ၎င်းထံမှသိရသည်။

မန္တလေးတိုင်းဒေသကြီးသည် မြေအောက်ရေကို ၉၀ ရာခိုင်နှုန်းသုံးစွဲလျက်ရှိသောကြောင့် မြေအောက်ရေခန်းခြောက်မှုဒဏ် ကြိုတင်ကာကွယ်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိခရိုင်ခုနစ်ခုအနက် အဓိကမိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်သော ကျောက်ဆည်၊ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်တို့တွင် ယင်းအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **နဒီလှိုင်း**

# ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မန္တလေး ဇွန် ၂၀**
ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် ပျိုးဥယျာဉ်လုပ်ငန်းရှင်များအသင်း(မန္တလေး)တို့ပူးပေါင်း၍ မန္တလေးမြို့တော်စိမ်းလန်းစိုပြည်စေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေး-မတ္တရာလမ်းအနီး မန္တလေးတိုင်းဒေသကြီးလွှတ်တော်သစ်ကြီး၌ ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက စံကားဖြူပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ကံ့ကော်ပင်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက အာဆီယံသပြေပင်များကိုလည်းကောင်း၊ ပျိုးဥယျာဉ်လုပ်ငန်းရှင်များက ပျဉ်းမပင်များကိုလည်းကောင်း၊ လွှတ်တော်ရုံးဝန်ထမ်းများက အာဆီယံသပြေပင်များ၊ ပန်းအလှပင်များအား စုပေါင်းစိုက်ပျိုးပေးကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ရုံးညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

လွှတ်တော်သစ်ကြီးအား ဇူလိုင်၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ**

# အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ ထီးချိုင့်မြို့နယ် တောမရွာ၌ကျင်းပ

**ထီးချိုင့် ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် တောမအုပ်စု တောမရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဆင့် တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ဒုတိယပတ်က အဆိုပါကျောင်းရှေ့ကွင်းပြင်၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်၊ ကသာခရိုင်ပညာရေးမှူးကိုယ်စား ဦးစီးအရာရှိ ဒေါ်မြဝင်းရီ၊ မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်မင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဟန်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

"အရင်ကဆို ဒီကျောင်းက မူလတန်းအဆင့်ပဲ ရှိပါတယ်။ လေးတန်းအောင်ပြီး ကလေးတွေ ဆက်ပြီးကျောင်းတက်ဖို့ခက်ခဲပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်းမကောင်းတော့ ပိုဆိုးပါတယ်။ အခုတော့ ဆရာတော်ရဲ့ဦးဆောင်မှု၊ ရွာသူရွာသားတွေရဲ့ စည်းလုံးညီညွတ်မှု၊ အဆင့်ဆင့်သောဌာနဆိုင်ရာအသီးသီးတွေရဲ့ ပံ့ပိုးကူညီမှုကြောင့် အထက်တန်းပညာရေးကိုပါ ဒီကျောင်းမှာ သင်ခွင့်ရပါပြီ။ ဒီအုပ်စုတွင်းမှာရှိတဲ့ ကျောင်းသားများအပြင် တောင်ခြေတတန်းမှာရှိတဲ့ရွာတွေက ကျောင်းသားတွေပါ ဒီကျောင်းကိုလာတက်ပြီး ပညာသင်နိုင်ပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။ **ကျော်ခဲ(ထီးချိုင့်)**



# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် ခုတင်(၅၅၀)ကလေးဆေးရုံသို့ ဆေးရုံသုံးပစ္စည်းနှင့် အောက်ဆီဂျင်အိုးများလှူဒါန်း

**မန္တလေး ဇွန် ၂၀**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် ခုတင် (၅၅၀) ဆံ့ကလေးဆေးရုံကြီးတို့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂) နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးရုံသုံးပစ္စည်းနှင့် အောက်ဆီဂျင်အိုးများလှူဒါန်းပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းရှိ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးဈေးချိုတော်ပထမထပ် ရွှေဆိုင်တန်းအမျိုးသမီးအဖွဲ့မှ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာများအသုံးပြုရန် တန်းဖိုးငွေကျပ် ၃၂၀၀၀၀ တန်းဖိုးရှိ အောက်စီဂျင်ခေါင်း ၁၁ ခေါင်း၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံတွင်အသုံးပြုရန် တန်းဖိုးငွေကျပ် ၁၇၆၅၄၀၀ တန် Infusion Pump(Terumo) တစ်စုံ၊ ငွေကျပ် ၁၃၅၃၀၀၀ တန်ဖိုးရှိ အောက်စီဂျင်ဆလင်ဒါ ၁၁ လုံး ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါက်တာယုယုမေနှင့် ဆေးရုံမှတာဝန်ရှိသူများက လက်ခံရယူပြီး ဆေးရုံအုပ်ကြီးများက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# တပ်ကုန်းမြို့နယ်တွင် ရတနာတန်းဝင်ကျွန်းပင်နှင့် အရိပ်ရပင်များစိုက်ပျိုး

**တပ်ကုန်း ဇွန် ၂၀**
နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ဗိုလ်မင်းရောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဝင်းအတွင်း ရတနာတန်းဝင် ကျွန်းပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးသည်။



အဆိုပါစိုက်ပျိုးရာတွင် တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့တက်ရောက်၍ ကျွန်းပင် ၃၂၀၊ ပျဉ်းကတိုး ၁၂၅ စုစုပေါင်းပျိုးပင် ၄၄၅ ပင်အား စိုက်ပျိုးကြရာ (သဒ္ဓါဓိက) ပရဟိတအဖွဲ့မှ ရေသန့်၊ အကြော်၊ ကောက်ညှင်းပေါင်းတို့ဖြင့် အာဟာရဒါနအဖြစ် ဧည့်ခံကျွေးမွေးပေးသည်။

သစ်ပင်စိုက်ပျိုးရာသီတွင် တပ်ကုန်းမြို့နယ်အနေဖြင့် ဇွန်လပထမပတ်က ဘိုးဘွားရိပ်သာဝင်းအတွင်း၌ နွယ်သာဂီ၊ ခရေ၊ ငုဝါ၊ စက္ကူပန်း စုစုပေါင်းအပင် ၆၁ ပင်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျွန်း၊ ယူကလစ်၊ ပျဉ်းကတိုး စုစုပေါင်းအပင် ၇၀၀ စိုက်ပျိုး၍လည်းကောင်း၊ ယနေ့စိုက်ပျိုးခဲ့သည့် ဗိုလ်မင်းရောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ဝန်းအတွင်း ကျွန်း၊ ပျဉ်းကတိုး စုစုပေါင်းအပင် ၄၄၅ ပင်စိုက်ပျိုးခြင်းဖြစ်ပြီး မြို့နယ်အတွင်း ရတနာတန်းဝင် ကျွန်းပင်နှင့် အရိပ်ရအပင် စုစုပေါင်း ၁၂၀၆ ပင်တို့ကို စိုက်ပျိုးထားကြောင်း သိရသည်။

**တင်စိုးလွင်**

## အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**အထက်မင်းလှ ဇွန် ၂၀**
သရက်ခရိုင် မင်းလှမြို့နယ် အထက(မင်းလှ)တွင် ယနေ့ နံနက် ၉ နာရီက အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပခဲ့သည်။

အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးတို့က 'ရွှေရတုအာဆီယံ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့က 'စုပေါင်းအားမာန်အာဆီယံ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့က 'ရွှေရတုအာဆီယံ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၂၁ ဦးတို့က 'စုပေါင်းအားမာန်အာဆီယံ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ငါးဦးတို့က 'ကျွန်ုပ်တို့သိသောအာဆီယံ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၉ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၃၉ ဦးရှိကြောင်း သိရပြီး ဝင်ရောက်ယှဉ်ပြိုင်သည့်ကျောင်းများမှာ အထက(မင်းလှ)၊ အထက(မလွန်)၊ အလက(ခွဲ)မြောက်ရပ်ကွက်၊ အမက ကွက်သစ်ရပ်ကွက်နှင့် အမက(ရွာတော်)တို့မှ ကျောင်းသား၊ ကျောင်းသူများဖြစ်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြော(သဒ္ဒါ) ပညာဒါန သင်တန်းများဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၂၀**
ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် W.com ကုမ္ပဏီလီမိတက်မှတာဝန်ယူကာ ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြော (သဒ္ဒါ) ပညာဒါန သင်တန်းများကို ဇွန် ၁၉ ရက် နံနက် ၇ နာရီမှစတင်ကာ မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

"ဒီသင်တန်းမှာ သင်တန်းချိန်တစ်ချိန်ကို တစ်နာရီကြာစာတွေ့ဘာသာရပ်အဖြစ် သင်တန်းသား၊ သင်တန်းသူ ၇၀ နဲ့ ၈၀ အကြား ဆွေးနွေးသင်ကြားပေးလျက်ရှိပါတယ်။ လက်တွေ့သင်ကြားခြင်းကို ဇွန် ၂၃ ရက်ကစပြီး သင်ကြားရေးအထောက်အကူပြု ကွန်ပျူတာအလုံး ၇၀ နဲ့ လက်တွေ့သင်ကြားသွားမှာဖြစ်ပါတယ်"

အဆိုပါ ကွန်ပျူတာ ပညာဒါနသင်တန်းတွင် အင်္ဂလိပ်စာလက်ကွက်လေ့ကျင့်ခန်း၊ မြန်မာစာလက်ကွက် လေ့ကျင့်ခန်း၊ ရုံးစာ၊ လိုဂို၊ ဒီဇိုင်း၊ ကြော်ငြာများပြုလုပ်နည်း၊ သတင်းစာ၊ ဖိတ်စာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းပြုလုပ်နည်း၊ Microsoft Office Power Point၊ Microsoft Office Excel နှင့် Microsoft Office Word ဘာသာရပ်များအား ဖွင့်လှစ်သွားမည်ဖြစ်ကာ အင်္ဂလိပ်စာစကားပြောနှင့် သဒ္ဒါသင်တန်းအား စိတ်ပါဝင်စားသူ လူငယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ဦးလေးကြီး**

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**မုံရွာ ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်ကြီးကျေးရွာရှိ ဖားအောက်တောရကျောင်းတိုက်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၈ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နံ့သာဖြူပင်အား စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများက နံ့သာဖြူပင် ၃၁၀၊ နံ့သာနီပင် ၅၀ စုစုပေါင်းအပင် ၃၆၀ အား စုပေါင်းစိုက်ပျိုးနေမှုနှင့် ၂၀၁၆ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် သစ်ပင်များအား ပေါင်းသင်မြေဆွပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

သဘာဝပတ်ဝန်းကျင်အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအပြီးတွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ကြီးမှူးပြီး ခရေပင် ၁၅၀၊ ပျဉ်းကတိုး ၁၅၀၊ တမာ ၁၅၀၊ လျှော်ဖြူ ၁၅၀၊ သဘော်တယ်ပင် ၁၅၀ နှင့် ကျွန်းပင် ၃၀၀ တို့အား ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## မြစ်သာမြစ်ကူးတံတားအဖြစ် မြစ်သာတံတား (ကလေးဝ) အပြင် ယခုတည်ဆောက်ထားသည့် မြစ်သာတံတား (ဟံသာဝတီ)ဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး



**ကလေး ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ထူးခြားစွာ တောင်မှမြောက်သို့စီးဆင်းလျက်ရှိသည့် မြစ်သာမြစ်ပေါ်တွင်ဆောက်လုပ်လျက်ရှိသော မြစ်သာမြစ်ကူးတံတားအဖြစ် မြစ်သာတံတား (ကလေးဝ) အပြင် ယခုတည်ဆောက်ထားသည့် မြစ်သာတံတား (ဟံသာဝတီ)သည် ဒုတိယအစင်းအဖြစ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန၏ရန်ပုံငွေ စုစုပေါင်းကျပ် ၉၇၃ သန်းအကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်ကစတင်၍ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးသည် သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တာဝါနှင့် ကြိုးထိန်းခုံကိုယ်ထည်၊ အပေါ်ထည်သစ်သားကြမ်းခင်းကြိုးတံတားဖြင့် အရှည်ပေ ၈၀၀၊ အကျယ်ရှစ်ပေ၊ တံတားကင်းလွတ်အကျယ် ၅၈၂ ပေ၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း သုံးတန်ဖြတ်သန်းသွားလာနိုင်ရန် ဆောက်လုပ်လျက်ရှိရာ မကြာမီ ဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်တောင်ပိုင်းရှိ မြစ်သာမြစ်၏ တစ်ဖက်ကမ်းတွင်နေထိုင်ကြသော ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲလျက်ရှိကြပြီး မိုးတွင်းကာလ၌ မြစ်သာမြစ်ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နှစ်တိုင်းလမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများနှင့် ကြုံတွေ့နေကြရသော်လည်း ယခုအချိန်တွင် ဒေသခံပြည်သူများ၏ အိပ်မက်တောင်မှမမက်ဘူးကြသည့် မြစ်သာမြစ်ကူး မြစ်သာတံတား(ဟံသာဝတီ) ကြိုးတံတားသစ်ကြီး ပေါ်ထွန်းနေပြီဖြစ်သည်။

ယင်းတံတားဆောက်လုပ်ပေးခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ဘက်မှ ကျေးရွာကိုးရွာရှိ အိမ်ခြေပေါင်း ၁၅၁၇ လုံး၊ အိမ်ထောင်စု ၃၅၅၂ စုမှ လူဦးရေ ၆၈၆၆ ဦးတို့နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ဘက်မှ ကျေးရွာလေးရွာရှိ အိမ်ခြေပေါင်း ၄၃၉ လုံးမှ လူဦးရေ ၃၃၈၄ ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုလာတော့မည်ဖြစ်သည့်အပြင် ရာသီမရွေးဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်၍ ဒေသခံကျေးလက်နေပြည်သူများသည် ဝမ်းမြောက်ကြကြောင်း သိရသည်။

**ဂျိုးနက်**

## ကလေးမြို့တွင်မေလတစ်လတာကာလယာဉ်တိုက်မှုပေါင်း အကြိမ် ၁၄၀ ဖြစ်ပွားရာ ယခင်လထက်ပိုမိုလျော့နည်းလာ

**ကလေး ဇွန် ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်၌ ၂၀၁၇ ခုနှစ် မေတစ်လတာကာလအတွင်း ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုပေါင်း ၁၁၇ ကြိမ်၊ ကလေးခရိုင်အတွင်း အခြားမြို့များမှ ပြည်သူ့ဆေးရုံသို့ရောက်ရှိလာသည့် ယာဉ်တိုက်မှု ၂၃ ကြိမ် စုစုပေါင်းအကြိမ် ၁၄၀ ဖြစ်ပွားခဲ့ပြီး သာမန်ထိခိုက်မှု ၁၀၃ ဦး၊ ပြင်းထန်ဒဏ်ရာရ ၃၃ ဦး၊ ပြည်သူ့ဆေးရုံတွင် လူတစ်ဦး၊ ပြင်ပတွင်လူသုံးဦး စုစုပေါင်း လူလေးဦးသေဆုံးခဲ့ပြီး ကလေးမြို့တွင် စည်းကမ်းပျက်ဆိုင်ကယ်များကို ရှောင်တခင် ယာဉ်စည်းကမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိရာ နေ့စဉ်စည်းကမ်းပျက်ယာဉ် အရေးယူဖမ်းဆီးရရှိမှု ယခင်လထက်ပိုမိုလျော့နည်းလာခဲ့ကြောင်း ကလေးမြို့ပြည်သူ့ဆေးရုံကြီး ကုသရေးဦးစီးဌာန၏ မတော်တဆယာဉ်တိုက်မှုနှင့် သေဆုံးမှုစာရင်းမှတ်တမ်းအရ သိရသည်။

အဆိုပါယာဉ်တိုက်မှု အကြိမ် ၁၄၀ အနက် ယာဉ်တိုက်မှုနှင့်သေဆုံးဒဏ်ရာရအမျိုးအစားများမှာ ဆိုင်ကယ်နှင့် ဆိုင်ကယ်တိုက်မှု ၆၃ ကြိမ်၊ ကားမှောက်မှု နှစ်ကြိမ်၊ ဆိုင်ကယ်နှင့်ကားတိုက်မှု လေးကြိမ်၊ ဆိုင်ကယ်နှင့် လူတိုက်မှု ၁၉ ကြိမ်၊ ဆိုင်ကယ်နှင့် ဓာတ်တိုင်တိုက်မှုတစ်ကြိမ်၊ သုံးဘီးမှောက်မှု တစ်ကြိမ်၊ စက်ဘီးလဲမှု တစ်ကြိမ်၊ ဆိုင်ကယ်နှင့် နွားလှည်းတိုက်မှု တစ်ကြိမ်၊ ကားပေါ်မှကျမှု တစ်ကြိမ်၊ ကားနှင့်လူတိုက်မှု သုံးကြိမ်၊ ဆိုင်ကယ်ပေါ်မှကျမှု ခုနစ်ကြိမ်၊ သုံးဘီးနှင့် လူတိုက်မှု တစ်ကြိမ်၊ သုံးဘီးနှင့် ဆိုင်ကယ်တိုက်မှုတစ်ကြိမ်၊ ဆိုင်ကယ်လဲမှု ၃၅ ကြိမ်တို့ဖြစ်ကြသည်။

"ကျွန်တော်တို့ကလေးမြို့မှာ ယာဉ်တိုက်မှုတွေ၊ ဆိုင်ကယ်တိုက်မှုတွေ မကြာခဏဖြစ်တယ်။ ပြီးခဲ့တဲ့ဧပြီလနဲ့စာရင် တော်တော်လေး ယာဉ်တိုက်မှုသိသိသာသာကျဆင်းလာပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအနေနဲ့ စည်းကမ်းပျက်ဆိုင်ကယ်တွေကို အရေးယူဆောင်ရွက်တဲ့နေရာမှာ ရှောင်တခင် ယာဉ်စည်းကမ်းစစ်ဆေးမှုတွေ ပြုလုပ်နေပေမယ့် စည်းကမ်းပျက်ယာဉ်နဲ့ ဆိုင်ကယ်ဦးထုပ်လုံးဝမဆောင်းဘဲ မောင်းနှင်တဲ့သူတွေကို နေ့စဉ်အရေးယူဖမ်းဆီးရရှိမှု မြင့်တက်နေပါတယ်။ တစ်နည်းပြောရရင် ယာဉ်အစီးရေတိုးလာတာလည်းပါသလို ပြည်သူတွေအနေနဲ့ စည်းကမ်းလိုက်နာမှု အားနည်းနေသေးတာလည်း တွေ့ရပါတယ်။ စည်းကမ်းပျက်ယာဉ်ထဲမှာ ဆိုင်ကယ်ကအများစုဖြစ်နေပါတယ်။ မော်တော်ယာဉ်စည်းကမ်းနဲ့ပတ်သက်လို့ ကားကြီးကွင်းမှာ ခရီးသည်တွေ ထိုင်ခုံခါးပတ်ပတ်စီးနင်းကြဖို့ မကြာခဏဆိုသလို ဌာနပေါင်းစုံပူးပေါင်းပြီး ပညာပေးကြပ်မတ်မှုတွေ ပြုလုပ်နေပါတယ်" ဟု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကလေးမြို့ပေါ်တွင် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကလေး- ကလေးဝလမ်း၊ ပင်လုံလမ်း၊ မတော်ထိပ်၊ လမ်းဆုံနေရာ၊ ဘူတာရုံလမ်းခွဲနှင့် တောင်ဖီလာလမ်းခွဲတို့တွင် လမ်းအချက်ပြမီးပွိုင့်များတပ်ဆင်ထားသော်လည်း အချို့ဆိုင်ကယ်နှင့်ကားများမှာ အချက်ပြစည်းကမ်းကို လိုက်နာခြင်းမရှိဘဲ မီးနီချိန်များတွင် လမ်းဖြတ်သန်းမှုများရှိနေသည့်အတွက် မကြာခဏ ယာဉ်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကလေးမြို့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် ဒေသနေပြည်သူများ နောင်တွင် ယာဉ်တိုက်မှုအန္တရာယ်ကြီးမှ ကင်းဝေးနိုင်ရေးအတွက် ကျေးလက်ပြည်သူများထံသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေးရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

# လူမှုပတ်ဝန်းကျင်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ကမ္ဘာ့ဘဏ်မှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်လာရောက်တွေ့ဆုံ

**ပဲခူး ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ဇွန် ၂၀ ရက် နံနက် ၉ နာရီက ပြည်သူများအတွက် အကျိုးရှိစေမည့် လူမှုပတ်ဝန်းကျင်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ကမ္ဘာ့ဘဏ်၏ စီးပွားရေးပညာရှင်မှ ကမ္ဘာ့ဘဏ်အုပ်စုသည် နိုင်ငံပေါင်း ၁၉၀ ကျော်ဖြင့် ဖွဲ့စည်းထားရှိပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်တစ်နိုင်ငံဖြစ်ပါကြောင်း၊ လက်ရှိကမ္ဘာ့ဘဏ်အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူထုဗဟိုပြုစီမံကိန်း၊ စိုက်ပျိုးရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးညိုမြို့၊ ကျောက်ကြီးမြို့နယ်နှင့် ပန်းတောင်းမြို့နယ်များတွင် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အနာဂတ်နိုင်ငံတော်အတွက် ပညာရေးမှာ အရေးကြီးကြောင်း၊ ပညာရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့မှုသာမက သင်ကြားရေးစနစ်နှင့်အတူ လူတစ်ဦးချင်းစီ အရည်အသွေးမြင့်မားနိုင်စေရန်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ကျောင်းများလည်း ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသလို ကလေးတစ်ဦးချင်းစီလည်း အတွေးအခေါ်၊ အယူအဆများ ပြုပြင်ပြောင်းလဲနိုင်ရေး၊ မတူညီမှုများကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် အခြေခံပညာကျောင်းများသည်လည်း အလွန်အရေးပါကြောင်း၊ ယခုလို ကမ္ဘာ့ဘဏ်အုပ်စုမှ ပြည်သူများအတွက် အကျိုးရှိစေမည့် လူမှုပတ်ဝန်းကျင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# အိမ်သုံးဆိုလာပြား၊ စွမ်းအားမြင့်မီးဖိုများနှင့် အလှူငွေများပေးအပ်ပွဲ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**မယ်စဲ့ ဇွန် ၂၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘောဒ်စ်ကို၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ လမ်းပန်း ဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဒေါက်တာအောင်ကျော်ငွေး၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဇွန် ၁၉ ရက် နံနက် ၁၁ နာရီခွဲက မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ထီးနှင့် ဖိနပ်တို့ကို ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်ဆည်နမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ထီးနှင့်ဖိနပ်ထောက်ပံ့ခြင်းနှင့် ကျောင်းတွင် လျှပ်စစ်မီတာတပ်ဆင်ရန်အတွက် အလှူငွေကျပ် ၂၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မယ်စဲ့အုပ်စုပန်တိန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် အိမ်သုံးဆိုလာပြားနှင့် စွမ်းအားမြင့်မီးဖိုများပေးအပ်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကယားပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် အိမ်သုံးဆိုလာပြားနဲ့ စွမ်းအားမြင့်မီးဖိုများကို ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသောဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ရာသီဥတုတွေဖောက်ပြန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ လောင်စာအတွက် သဘာဝသစ်တောတွေအပေါ် မှီခိုအားထားမှုလျော့နည်းလာစေရန် နိုင်ငံတော်အစိုးရက ရေတိုရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ယင်းနောက် လမ်းဆုံ(အ. မ. က)၊ လယ်တော(အ မ က)နှင့် ပန်တိန်း(အ လ က)ကျောင်းတို့သို့ ဆိုလာပြားနှင့် စွမ်းအားမြင့်မီးဖိုများထောက်ပံ့ခြင်း၊ ပန်တိန်း(အ လ က)တွင် လျှပ်စစ်မီးတပ်ဆင်ရန်အလှူငွေကျပ် ၂၅၀၀၀၀၊ အမှတ်(၁၀၀၄)နယ်ခြားစောင့်တပ် မူကြိုကျောင်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀၊ လယ်တော(အ မ က)တွင် အုတ်ရေကန်ပြုလုပ်ရန် အလှူငွေကျပ် ၅၀၀၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများမှ လက်ခံရယူခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပေးညှိနှိုင်း

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ကြိုတင်အသိပေးညှိနှိုင်းဆွေးနွေးပွဲကိုပြုလုပ်ရာ အခမ်းအနားသို့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ထက်၊ လယ်၊ မူ ကျောင်းများမှ ဆရာ ဆရာမများ ကျန်းမာရေးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးမွန်မွန်ကျော်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လှိုင်သာယာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်ခင်ရူပါစိုးက လှိုင်သာယာမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအား ရှင်းလင်းတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒု-တိုင်းဦးစီးမှူး ဒေါက်တာဒေါ်ခင်နန်းလုံက ခြင်ကျား၊ လောက်လန်းကင်းစင်သောကျောင်းနှင့်ရုံးဌာနများ စံပြထူထောင်နိုင်ရေးတို့အတွက် ရှင်းလင်းတင်ပြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးဦးကိုကိုဦးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၃၂၉)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကျင်းပ

**လပွတ္တာ ဇွန် ၂၀**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်းအား ဇွန် ၁၆ ရက် နံနက် ၉ နာရီက သင်တန်းဆင်းပွဲကို လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားကာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူး (ဒုတိယညွှန်ကြားရေးမှူး)မှ သင်တန်းဆိုင်ရာ အမှာစကားပြောကြားခဲ့ပြီး ထူးချွန်ဆုရရှိသူ သင်တန်းသားနှစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းနှင့် ဆိုင်ကယ်ပြင်ပစ္စည်းတစ်စုံစီ ပေးအပ်ခဲ့ပြီး သင်တန်းဆင်းမှတ်တမ်းများအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးမှ သင်တန်းဆင်းမှတ်တမ်းများပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးက သင်တန်းနည်းပြအမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ လပွတ္တာခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာကော်မတီဝင်များနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၇၀ ကျော် တက်ရောက်ခဲ့သည်။

**မြို့နယ်(ကျေး/လက်)**

# တိုးတက်အောင်ရောင်းဝယ်ရေးသမဝါယမနှစ်ပတ်လည်စည်းဝေး

**မင်္ဂလာတောင်ညွန့် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် တိုးတက်အောင်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက သုစာရိတ္တမွှာရုံ၌ ကျင်းပသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်း၊ မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးဘုန်းမြင့်တို့က အမှာစကားပြောကြားပြီး ရပ်ကွက်သမအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းက အသင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ အစည်းအဝေးသို့ အသင်းသား ၁၀၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

# ကျောက်ဖြူအထူးစီးပွားရေးဇုန်အား ဒေသခံအာဏာပိုင်များ၊ ပြည်သူများနှင့်လက်တွဲကာ ဆောင်ရွက်သွားမည်

**ကျောက်ဖြူ ဇွန် ၂၀**

ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီခန့်က ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့်အဖွဲ့သည် ကျောက်ဖြူမြို့နယ် ကနျီးကျေးရွာ၊ သိုင်းချောင်းကျေးရွာ၊ ကပ်သပြေကျေးရွာ၊ ချောင်းဝကျေးရွာတို့မှ လယ်ပိုင်ရှင်တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်ဧရိယာအတွင်း မြေယာ သိမ်းဆည်းမှုကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံနှုန်းအတိုင်း အခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လယ်ပိုင်ရှင်တောင်သူများ နစ်နာမှုမရှိအောင် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်အား ၂၀၁၈ ခုနှစ်တွင် မြေပြင်လုပ်ငန်းများ စတင်အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကြောင့် ဘေးထွက်ဆိုးကျိုးများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မည့်အရာများကိုလည်း ဘက်စုံထည့်သွင်းစဉ်းစားထားပါကြောင်း၊ စီးပွားရေးဇုန်အား ဒေသခံအာဏာပိုင်များ၊ ပြည်သူများနှင့်လက်တွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသခံတောင်သူများက စက်မှုဇုန်တွင်ပါဝင်သော မိမိတို့ဘိုးဘွားပိုင်လယ်ယာမြေများအား သက်ဆိုင်ရာမှ မြေပြင်သို့ကွင်းဆင်းပြီး တိကျစွာတိုင်းတာ၍ တရားဝင်ပိုင်ဆိုင်မှုပြုလုပ်ကာ လယ်သမားများထံသို့ပေးအပ်ရန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင်ပါဝင်သွားသော လယ်ယာမြေအစား လယ်ယာမြေအသစ်များဖော်ထုတ်ပေးပြီး ဧင်းလယ်ယာမြေများအား စက်မှုလယ်ယာမြေအဖြစ်သို့ ဖော်ဆောင်ဖန်တီးပေးနိုင်ရန် (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခေတ်နှင့်လျော်ညီစွာ နည်းပညာပေးရန်)၊ ဒေသခံပြည်သူများနှင့်ကိုက်ညီသော လုပ်ကိုင်နိုင်သော အလုပ်အကိုင်အခွင့်အရေးများအတွက် သက်ဆိုင်ရာသင်တန်းများအား အခမဲ့ဖွင့်လှစ်သင်ကြားပေးရန်၊ သိမ်းဆည်းခံလယ်မြေများအား နိုင်ငံတကာစံနှုန်းနှင့်အညီ လျော်ကြေးငွေဆောင်ရွက်ပေးရန် တင်ပြခဲ့သည်။

SEZ ဥက္ကဋ္ဌမှ တောင်သူများနစ်နာမှုမရှိအောင် ပြည်ပကုမ္ပဏီများနှင့် ညှိနှိုင်းကာဆောင်ရွက်မည်ဖြစ်ပါကြောင်းပြောကြားပြီး SEZ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဧရိယာအနီးအစားထိုးလယ်ယာမြေဖော်ထုတ်ပေးနိုင်မည့် ကပ်သပြေနှင့် ကနျီးကျေးရွာအုပ်စုများသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

ကြေးမုံ



# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် သစ်တောများ၏အခန်းကဏ္ဍ

ဒေါက်တာသောင်းနိုင်ဦး(သစ်တောသုတေသနဌာန)

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုရာတွင် မျက်မှောက်ခေတ်လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆီးပေးနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်ကိုလည်း မလျော့ပါးစေသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးကို ဆိုလိုပါသည်။ စီးပွားရေးသက်သက် ဖွံ့ဖြိုးတိုးတက်စေရန်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် အပြန်အလှန်ဆက်စပ်နေသော ဘက်စုံကဏ္ဍစုံကို တစ်ပြေးညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကိုရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ**

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၁၇) ခု (Sustainable Development Goals-SDGs) နှင့် ရည်မှန်းချက် (၁၆၉)ချက်ကို ချမှတ်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံနှင့် ကမ္ဘာလုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကာ ဆုံးဖြတ်ချက် အမှတ် A/RES/70/1 ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်များ (Millennium Development Goals) ကို ဆက်ခံသည့် အစီအစဉ်များဖြစ်ပြီး ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်များ (The Post 2015 Development Amenda) ဟုလည်း ခေါ်ဆိုကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အလွန်ထင်ရှားလူသိများသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်သော ကျွန်တော်တို့လိုချင်သော အနာဂတ် (The Future We Want) ဆုံးဖြတ်ချက် (၆၆/၂၈၈) စည်းမျဉ်းများကို အခြေခံ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် ရည်မှန်းချက်များကို ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDGs) သည် အလွန်ကျယ်ပြန့်ပြီး နယ်ပယ်ပေါင်းစုံ၊ ပြဿနာပေါင်းစုံပါဝင်လျက်ရှိသည်။ ဆင်းရဲမွဲတေမှု၊ ဆာလောင်မှုနှင့် စားနပ်ရိက္ခာလုံလောက်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ကျား၊ မတန်းတူရှိမှုနှင့် အမျိုးသမီးများအခန်းကဏ္ဍ၊ သန့်ရှင်းသော သောက်သုံးရေနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ခေတ်မီစွမ်းအင်၊ အလုပ်အကိုင် အခွင့်အလမ်း၊ အခြေခံအဆောက်အအုံများ၊ သာတူညီမျှရှိစေမှု၊ လုံခြုံစိတ်ချရသော မြို့ကြီးများ၊ စဉ်ဆက်မပြတ် ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်းပုံစံများ၊ ရာသီဥတုပြောင်းလဲခြင်း၊ ပင်လယ်သမုဒ္ဒရာများ၊ သစ်တောများ စဉ်ဆက်မပြတ်ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်း၊ အားလုံးပူးပေါင်းပါဝင်သော အဖွဲ့အစည်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစသည်ဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်ပယ်အသီးသီးပါဝင်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၁၇) ခုအနက် ပန်းတိုင် (၁၅) သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောများ၏ အရေးကြီးသော အခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၁၅)**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) မှာ "ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများအား ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှု ရပ်ဆိုင်း၍ မြေအရည်အသွေး ပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု ရပ်တန့်ရန်" ဟူ၍ ဖြစ်သည်။ အဆိုပါ ပန်းတိုင်အောင်မြင်စေရန်အတွက် ရည်မှန်းချက်များကို အချိန်ကာလသတ်မှတ်၍ အောက်ဖော်ပြပါအတိုင်းချမှတ်ထားသည်-

(က) ၂၀၂၀ ခုနှစ်တွင် ကုန်းမြေနှင့် ကုန်းတွင်းရေချိုဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားစေရေး၊ အထူးသဖြင့် သစ်တောများ၊ ရေဝပ်ဒေသများ၊ တောင်တန်းများနှင့် အပူပိုင်းဒေသများ ထိန်းသိမ်းရေး၊ ပြန်လည်တည်ထောင်ခြင်းနှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်စေရေးတို့ကို ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် အညီဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ခ) ၂၀၂၀ ခုနှစ်တွင် သစ်တောများအားလုံးအတွက် စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများတိုးတက်စေခြင်း၊ သစ်တောပြုန်းတီးမှု ရပ်တန့်ခြင်း၊ တောနိမ့်တောပျက်များတွင် သစ်တောပြန်လည်တည်ထောင်ခြင်း၊ ကမ္ဘာလုံးအတိုင်းအတာဖြင့် သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းများ သိသာထင်ရှားစွာ တိုးတက်ခြင်း၊

(ဂ) ၂၀၃၀ ခုနှစ်တွင် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေကြီးခြင်းဖြစ်ပေါ်ခဲ့သည့် နေရာများနှင့် အဆင့်နိမ့်ကျနေသော မြေဆီလွှာများကို ပြန်လည်ထိန်းသိမ်းခြင်း၊ မြေအဆင့်အတန်း ယုတ်လျော့ကျဆင်းခြင်းမရှိစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ၂၀၃၀ ခုနှစ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော ဇီဝမျိုးစုံမျိုးကွဲအပါအဝင် တောင်တန်းစနစ်များ စနစ်တကျထိန်းသိမ်းနိုင်စေရေးအတွက် စွမ်းဆောင်ရည်များ တိုးပွားလာစေရေးအတွက် စနစ်တကျဆောင်ရွက်ခြင်း၊

(င) သဘာဝနေရင်းဒေသများ အဆင့်အတန်းကျဆင်းနေခြင်းကို လျော့ကျစေရန် အလေးထားဖြေရှင်းဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲပျောက်ကွယ်ဆုံးရှုံးမှု ရပ်တန့်စေရန် ဆောင်ရွက်ခြင်းနှင့် ၂၀၂၀ ခုနှစ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊

(စ) မျိုးရိုးဗီဇအရင်းအမြစ်များအသုံးပြုမှုမှ ရရှိလာသည့် အကျိုးအမြတ်များကို မျှတစွာ ခွဲဝေခံစားနိုင်ရေးအတွက် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာ သဘောတူညီမှုများနှင့်အညီ အဆိုပါ အရင်းအမြစ်များကို သင့်လျော်သလို အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဆ) တားဆီးပိတ်ပင် ကာကွယ်ထားသော အပင်နှင့် တိရစ္ဆာန်များ တရားမဝင် အမဲလိုက်ဖမ်းဆီးခြင်း၊ ရောင်းဝယ်ခြင်းများကို ထိရောက်စွာ အရေးယူခြင်း၊ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဇ) ၂၀၂၀ ခုနှစ်တွင် မြေနှင့် ရေဂေဟစနစ်များတွင် ပြည်ပမျိုးစိတ်သစ်များ တင်သွင်းလာခြင်းနှင့် ၎င်းတို့၏ အကျိုးဆက်များကို ကာကွယ်ဖြေရှင်းမည့်နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် အရေးကြီးသည့် အဓိကမျိုးစိတ်များကို ထိန်းချုပ်ခြင်း (သို့မဟုတ်) ဖယ်ရှားခြင်း၊

(ဈ) ၂၀၂၀ ခုနှစ်တွင် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများကို နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် စီမံကိန်းများ၊ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ထည့်သွင်းခြင်း၊

(ည) ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် ရန်ပုံငွေကြေးများ အရင်းအမြစ်အမျိုးမျိုးမှ ရရှိနိုင်စေရေး ဆောင်ရွက်ခြင်း၊

(ဋ) သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်နိုင်ရန်အတွက် ရန်ပုံငွေကြေးများ အရင်းအမြစ်အမျိုးမျိုး၊ အလွှာအမျိုးမျိုးမှ ရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းနှင့် သစ်တောများပြန်လည်တည်ထောင်ရေး လုပ်ငန်းများအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား လုံလောက်သော မက်လုံးများပေးခြင်း၊

(ဌ) တားဆီးကာကွယ်ထားသော မျိုးစိတ်များအား တရားမဝင် ကုန်သွယ်ရောင်းဝယ်ခြင်း လုပ်ငန်းများအား တိုက်ဖျက်ရေးတွင် ကမ္ဘာလုံးဆိုင်ရာ အကူအညီများ တိုးပွားလာစေရေးနှင့် ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး ဆောင်ရွက်ခြင်း၊



**သစ်တောများ၏ အခန်းကဏ္ဍ**

သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကို ရရှိခံစားနိုင်သည်။ ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ရရှိခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်စေခြင်း၊ ရေကောင်းရေသန့်ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် ငွေကြေးဖြင့် ဝယ်ယူမရနိုင်သည့် ပတ်ဝန်းကျင် ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူ သိုလှောင်ပေးခြင်း၊ မြေအောက်ရေပေါ်များစေရန်နှင့် သန့်စင်စေရန် အထောက်အပံ့ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှု၊ လေတိုက်စားမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းတို့ကို အထောက်အပံ့ဖြစ်စေခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ပေးစွမ်းလျက်ရှိသည်။ သစ်ပင်သစ်တောများရှိခြင်းဖြင့် မျက်စိပသာဒကောင်းမွန်၍ စိတ်ကြည်လင်လန်းဆန်းခြင်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်းများအတွက် အထောက်အကူပြုခြင်းနှင့် သစ်တောများသည် အခြားဆက်စပ်ကဏ္ဍများအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ကူညီပံ့ပိုးပေးခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအနက် သစ်တောများ ထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို ပန်းတိုင်တစ်ခုအဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။ အကယ်စင်စစ် သစ်တောများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) သာမက အခြားပန်းတိုင်များကိုလည်း အလွန်အထောက်အကူပြုလျက်ရှိသည်။

ဥပမာ ပန်းတိုင် (၁) ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ပန်းတိုင် (၂) စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ ပန်းတိုင် (၆) ရေကောင်းရေသန့်ရရှိရေးနှင့် ရေအရင်းမြစ် စနစ်တကျ စီမံခန့်ခွဲရေး၊ ပန်းတိုင် (၇) စွမ်းအင်ဖူလုံရေး၊ ပန်းတိုင် (၁၁) လုံခြုံစိတ်ချပြီး ခံနိုင်ရည်ရှိသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ပြများ၊ လူများအခြေချနေထိုင်ရာ ဒေသများအဖြစ် ဆောင်ရွက်ရေး၊ ပန်းတိုင် (၁၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးစသည့် ပန်းတိုင်များ အောင်မြင်စေရန်အတွက်လည်း သစ်တော သစ်ပင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှသည်။

**အပြည်ပြည်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ**

ယနေ့အချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း ဧရိယာအားဖြင့် ကြီးမားကျယ်ပြန့်သည့် သစ်တောပြန်လည်တည်ထောင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ သစ်တောများ ထာဝစဉ်တည်တံ့စေရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေး အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ဦးဆောင်ကြိုးပမ်းလျက်ရှိရာ သစ်တောဆိုင်ရာ နယူးယောက် ကြေညာစာတမ်း (New York Declaration on Forests) သည် အလွန်ပင်သက်ရောက်မှုရှိသည့် တွန်းအားတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူး၍ ရာသီဥတုပြောင်းလဲမှု ထိပ်သီးဆွေးနွေးပွဲ (၂၀၁၄) ကို ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် သစ်တောဆိုင်ရာ နယူးယောက်ကြေညာစာတမ်းနှင့် ဆောင်ရွက်မည့် အစီအစဉ်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သစ်တောဆိုင်ရာ နယူးယောက်ကြေညာစာတမ်း (New York Declaration on Forests) ပါ ဖော်ပြချက်များအနက် အောက်ဖော်ပြပါ ရည်မှန်းချက်များသည် အလွန်အရေးကြီးပြီး ယခုအခါ ကမ္ဘာနှင့်အဝှမ်း အကောင်အထည်ဖော်လျက်ရှိသည်-

- ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်စီးယပ် လျှော့ချနိုင်ရန်အတွက် ၂၀၂၀ ခုနှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၃၀ ခုနှစ်မှာ သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေးရည်မှန်းပြီး ဆောင်ရွက်သွားရန်၊

**စာမျက်နှာ ၂၁ သို့**

“ငွေကြေးဖြင့် ဝယ်ယူမရနိုင်သည့် ပတ်ဝန်းကျင် ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူ သိုလှောင်ပေးခြင်း၊ မြေအောက်ရေပေါ်များ စေရန်နှင့် သန့်စင်စေရန် အထောက်အပံ့ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှု၊ လေတိုက်စားမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းတို့ကို အထောက်အပံ့ဖြစ်စေခြင်း . . .”

# Miss Myanmar World

# အလှမယ်အိကျော့ခိုင်နှင့် တွေ့ဆုံခြင်း



**နိုင်ငံပေါင်း (၁၀၀)ကျော်မှ အလှမယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် (၆၆) ကြိမ်မြောက် မယ်ကမ္ဘာအလှမယ် ပြိုင်ပွဲ ကို ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပတော့မည် ဖြစ်သည်။ ယင်းအလှမယ် ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်တော့မည့် နိုင်ငံကိုယ်စားပြုအလှမယ် အိကျော့ခိုင်နှင့် တွေ့ဆုံ၍ ပြိုင်ပွဲမဝင်မီ၊ ပြိုင်ပွဲတစ်လျှောက် သူ၏ကြိုးစားမှုများ၊ ပြိုင်ပွဲကြီးအတွက် သူဘာတွေပြင်ဆင်နေပြီလဲ၊ အလှမယ်တစ်ဦးရဲ့ခံယူချက် အစရှိသည့် မေးမြန်းခဲ့သည်များကို ကြေးမုံစာဖတ် ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ရပါသည်။**

**တွေ့ဆုံမေးမြန်း – မေနှင်းဆီ**

**ဓာတ်ပုံ– အေးမင်းသူ**

**မေး။ ။မင်္ဂလာပါ ညီမလေး။ မယ်ကမ္ဘာမြန်မာပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အလှမယ်များစွာထဲကမှ ညီမလေးက မယ်ကမ္ဘာမြန်မာ သရဖူကို ဆွတ်ခူးရရှိခဲ့တယ်။ ပြီးတော့ ဒီနိုင်ငံတကာပြိုင်ပွဲကလည်း ညီမလေးအတွက် ပထမဆုံးပွဲလို့ သိရတယ်။ ညီမလေးအနေနဲ့ ဘာ့ကြောင့် Miss World ပြိုင်ပွဲကြီးကိုမှ ရွေးချယ်ယှဉ်ပြိုင်ခဲ့တာလဲ။**

ဖြေ။ ။ဟုတ်ကဲ့။ ဒီပွဲက ညီမအတွက် International မှာပြိုင်တဲ့ ပထမဆုံးပွဲပါ။ ပြီးတော့ Miss World က အလှမယ်ပြိုင်ပွဲ တွေထဲမှာ ညီမအကြိုက်ဆုံးပြိုင်ပွဲပါ။ ဘာလို့လည်းဆိုတော့ သူက beauty with the purpose ပေါ့ အလှအပ တစ်ခုဘာကြောင့်လှရမယ်။ အဲဒီအလှဟာ ရည်ရွယ်ချက်တစ်ခုရှိရမယ်ပေါ့။ အဲအတွက်ကြောင့် ညီမဝင်ပြိုင်ဖြစ်တာပါ။ ပြီးတော့ ဒီကမ္ဘာပေါ်မှာရှိတဲ့ အလှမယ်ပြိုင်ပွဲတွေမှာ သူက အသက်ကြီးဆုံး၊ ဝါအရင့်ဆုံး၊ အကျော်ကြားဆုံး အလှမယ်ပြိုင်ပွဲ တစ်ခုဖြစ်တာကြောင့်ပါ။ ဒီလိုကျော်ကြားတဲ့ သူ့အလှအပတွေကြောင့် ပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်တာပါ။

**မေး။ ။ ပြိုင်ပွဲဝင်မပြိုင်ခင်ညီမလေး ဘယ်လို ကြိုးစားခဲ့ရတယ်ဆိုတာ အရင်ဆုံး ပြောပြပေးပါဦး။**

ဖြေ။ ။ညီမကအတွေ့အကြုံမရှိတော့ ပြိုင်ပွဲအတွက် ပြင်ပဗဟုသုတတွေကို သေချာလေးအားကိုးခဲ့ရတာပေ့ါ။ ပြီးတော့ ပွဲအတွက် လိုအပ်ချက်တွေကို လေ့လာတယ်။ ဗီဒီယိုတွေကြည့်တယ်။ Catwalk လျှောက်တာတွေကို လေ့လာတယ်။ ညီမက ဆရာမရှိတဲ့အခါကျတော့ online ကိုပဲ အားကိုးရတာပေ့ါ။ အမေးအဖြေတွေကအစ လေ့လာခဲ့တာပေ့ါ။ ပြိုင်ပွဲဝင် သူငယ်ချင်းတွေကလည်း သူတို့ရဲ့အတွေ့အကြုံတွေကို ညီမကိုအများကြီး မျှဝေပေးကြပါတယ်။

**မေး။ ။ညီမလေးအနေနဲ့ ပြိုင်ပွဲကာလတစ်လျှောက်မှာကော ဘာတွေကြိုးစား လုပ်ဆောင်ခဲ့ရလဲ။**

ဖြေ။ ။ညီမအနေနဲ့ ပြိုင်ပွဲတစ်လျှောက်လုံးမှာ အတွေ့အကြုံမရှိပေမယ့် ကြိုးစားခဲ့တယ်။ ဆရာတွေ သင်ပေးတဲ့အတိုင်း သေချာ လိုက်လုပ်တယ်။ Catwalk လျှောက်တာကအစ လေ့လာခဲ့တယ်။ ပြီးတော့ personal traning မှာလည်း ဆရာတွေ ပြောတဲ့အတိုင်း Miss တစ်ယောက်က personality ရှိရမယ်။ အမျိုးသမီးတစ်ယောက်ရဲ့ အလှအပတင် မဟုတ်ဘူး သူရဲ့နေထိုင်ပုံ နေထိုင်နည်း စိတ်နေစိတ်ထားတွေကို သင်ယူခဲ့ရ တယ်။ အဲဒီအတွက်လည်း ညီမသေချာလိုက်ပြီး ကြိုးစားခဲ့တယ်။ ညီမရဲ့ပထမဆုံးအတွေ့အကြုံလည်း ဖြစ်တော့ အလွန်စိတ်လှုပ်ရှားခဲ့တယ်။ ပြီးတော့ အခုလို သရဖူရခဲ့တာကလည်း Miss Myanmar World Organization ရဲ့ကျေးဇူးနဲ့ ညီမကို သင်ပေးတဲ့ ဆရာ Brian တို့၊ Air Asia က ထရိန်နင် ဆရာတွေရဲ့ ကျေးဇူးတွေလည်းပါပါတယ်။ သူတို့အားလုံးကြောင့် အခုလို သရဖူရရှိခဲ့တာပါ။

**မေး။ ။အခုဆို ညီမလေးက ကိုယ့်မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး သွားရောက် ယှဉ်ပြိုင်ရတော့မယ့်ဆိုတော့ ကြိုတင်ပြီးတော့ ဘာတွေ ပြင်ဆင်သွားဖို့လိုလဲ။ အခုလက်ရှိမှာကော ကြိုတင် ပြင်ဆင်မှုတွေအနေနဲ့ ဘာတွေကို လုပ်ဆောင်နေပြီလဲ။**

ဖြေ။ ။ ပြိုင်ပွဲအတွက်က Body၊ Beauty၊ Brain အစစအရာရာ အများကြီးကြိုတင်ပြင်ဆင်သွားဖို့ လိုပါတယ်။ အခုဆို world bike က စက်ဘီးလက်ဆောင်ရလိုက်ပြီဆိုတော့ ညီမ training ပိုင်းတွေကို စပြီးတော့ လုပ်တော့မယ်။ Gems နဲ့စက်ဘီးနဲ့တွဲပြီးတော့ Body အတွက်စပြီး train တော့မယ်ပေ့ါ။ talent နဲ့ beauty of the purpose အတွက်ကတော့ organization နဲ့ စကားပြောရဦးမှာပါ။

**မေး။ ။ ဟုတ်ကဲ့ပါ ညီမလေး။ အခုဆို သရဖူရ အလှမယ်တစ်ဦးဖြစ်လာခဲ့ပြီဆိုတော့ Miss အလှမယ်တစ်ဦးအနေနဲ့ ညီမလေးရဲ့ ခံယူချက်ကို ပြောပြပါဦး။**

ဖြေ။ ။ Miss တစ်ယောက်ရဲ့ ခံယူချက်ထက် နိုင်ငံသားကောင်းတစ်ယောက်ရဲ့ ခံယူချက်လို့ပြောရင် မမှားပါဘူး။ စံပြနိုင်ငံသားကောင်းတစ်ယောက် အဖြစ်နေထိုင်ရမယ်။ ကိုယ်က စံပြအလှမယ်တစ်ယောက်ဖြစ်သွားပြီဆိုရင် ကိုယ့်ရဲ့ နောက်မှာ ကိုယ့်ကို အားပေးမယ့် သူတွေရှိတယ်။ အားမပေးမယ့် သူတွေရှိတယ်။ သူတို့ အကုန်လုံး လက်ခံလာနိုင်အောင် လူမှုအသိုင်းအဝိုင်းကို ကူညီပေးရမယ်လို့ ထင်ပါတယ်။ သရဖူရတယ် ဆိုတာကလည်း ဒါနဲ့တင်ကျေနပ်နေဖို့ မဟုတ်ပါဘူး။ ဒါကကိုယ့်နိုင်ငံ ကိုယ်စားပြုဖို့အတွက် အလှမယ်တစ်ဦး ဖြစ်လာတာပါ။ ပြီးတော့ အဲဒီအတွက် ညီမမှာတာဝန်ဝတ္တရားတွေ အများကြီးရှိပါတယ်။ အဲဒီတာဝန်ဝတ္တရားတွေနဲ့အညီ ညီမက ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူစရာ အလှမယ်တစ်ယောက်ဖြစ်အောင် ပြီးရင်ကမ္ဘာမှာလည်း မြန်မာနိုင်ငံက စံပြအလှမယ်တစ်ဦးအဖြစ် ကြိုးစားသွားမှာပါ။

**မေး။ ။ညီမလေးကို အားပေးနေတဲ့ ပရိသတ်ကြီးအတွက်ကော ဘာများ ပြောချင်ပါသေးလဲ။**

ဖြေ။ ။ဒီမြန်မာနိုင်ငံက အလှမယ်တွေက နိုင်ငံတကာက အလှမယ်တွေနဲ့ ယှဉ်ရင်မညံ့ပါဘူး။ တော်ပါတယ်။ Body၊ Beauty Brain တင်မဟုတ်ဘူး အစစအရာရာအားလုံးရင်ပေါင်တန်းနိုင်တဲ့အလှမယ်တွေ ဖြစ်ပါတယ်ဆိုတာကို သက်သေပြချင်ပါတယ်။ ပြီးတော့ညီမက မျက်နှာသစ်ပေမယ့် ညီမကို အားပေးတဲ့ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ ညီမကို ယုံယုံကြည်ကြည်နဲ့ အခုလို အလှမယ်တစ်ယောက်ဖြစ်လာဖို့အတွက် အားပေးကြပါတယ်။ အဲအတွက်ကို ကျေးဇူးတင်ပါတယ်။

❖ ❖ ❖



2016 ckESfu uif;cbnfxrt tudmrufta dix mifSbjvt vS, fyifwif Winner qk&&Eol o½ykaiqmifwl/ (ဓာတ်ပုံ- Miss Golden Land Myanmar Organization)

## ဒုတိယအကြိမ်မြောက်ပြုလုပ်မည့် အိမ်ထောင်ရှင်စံပြအလှမယ်ရွေးချယ်ပွဲ ပြိုင်ပွဲဝင်လိုသူများ လျှောက်ထားနိုင်

ဒုတိယအကြိမ်မြောက်ပြုလုပ်မည့် Miss Golden Land Myanmar အဖွဲ့အစည်းမှ ဦးစီးသော အိမ်ထောင်ရှင် စံပြအလှမယ် ရွေးချယ်ပြိုင်ပွဲတွင် စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ယင်းအဖွဲ့အစည်းမှ သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အိမ်ထောင်ရှင် (သို့မဟုတ်) အိမ်ထောင်ကျဖူးသူ ဖြစ်ရမည်ဟူသော သတ်မှတ်ချက်တစ်ခုသာ ပါဝင်ပြီး အခြားအလှမယ် ပြိုင်ပွဲများကဲ့သို့ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းအစရှိသည့် အချက်များ ကန့်သတ်ထားခြင်းမရှိသည့်အပြင် ရေကူးဝတ်စုံဖြင့်လည်း ယှဉ်ပြိုင်ရမည့် အစီစဉ်များမပါဝင်ကြောင်း Miss Golden Land Myanmar အဖွဲ့အစည်းမှ သိရသည်။

ဒုတိယအကြိမ်မြောက်ပြုလုပ်သည့် ယင်းအိမ်ထောင်ရှင်စံပြအလှမယ်ရွေးချယ်ပွဲသို့ ပြိုင်ပွဲဝင်လိုသူများ အနေဖြင့် ဇွန် ၃၀ ရက် (ဖောင်ပိတ်ရက်မတိုင်မီ) လျှောက်လွှာများ ပေးပို့နိုင်သည်။ လျှောက်လွှာတင်ရာတွင် အမည်၊ အသက်၊ ဆက်သွယ်ရန် နေရပ်လိပ်စာ ဖုန်းနံပါတ်နှင့်အတူ မိမိစိတ်ကြိုက်ဓာတ်ပုံ သုံးပုံဖြင့် Miss Golden Land Myanmar စာမျက်နှာရှိ မက်ဆင်ဂျာမှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

ပထမအကြိမ် ကျင်းပခဲ့သည့် အိမ်ထောင်ရှင်စံပြအလှမယ်ပြိုင်ပွဲတွင် Winner ဆုအဖြစ် သရုပ်ဆောင် မတူးက ဆွတ်ခူးရရှိခဲ့သည်။ ယခုတစ်ခေါက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲနှင့် ပက်သက်ပြီး မတူးက "အိမ်ထောင်ရှင်ညီမလေးများ ဝင်ရောက်ယှဉ်ပြိုင်စေချင်ပါတယ်။ မြန်မာအမျိုးသမီးတွေ အလှဘဝနဲ့ အိမ်ထောင်ကိုထိန်းသိမ်းရင်း မိမိရဲ့အလှကိုလည်း ထိန်းသိမ်းနိုင်တယ်ဆိုတာကို ရဲရဲဝံ့ဝံ့ပြသကြပါလို့ပြောရင်း ဖိတ်ခေါ်ပါတယ်ရှင်" ဟု ပြောသည်။

**ခင်ဇာလီ(ကြေးမုံ)**

# ဘောလုံးစတားများရဲ့ မင်္ဂလာပွဲ နှစ် ၂၀၁၇

မေ
လဲ့
သင်း

ဒီနှစ်နွေရာသီအတွင်း ဥရောပလိဂ်အသီးသီးမှာ ကျင်လည်နေတဲ့ ဘောလုံးစူပါစတားများရဲ့ မင်္ဂလာနှစ်လားလို့ မေးရအောင် မေတစ်လလုံးမှာ ဂျာမန်ဂိုးသမား နျူအာ၊ မစ်ဒယ်ဘရော့ဂိုးသမား ဗစ်တာ ဗဲလ်ဒက်စ်၊ အဲဗာတန်ကွင်းလယ်လူ ရှနိုက်ဒါလင်တို့အစ ဆဲလ်တစ်နည်းပြ ရော်ဂျာအဆုံး မင်္ဂလာပွဲတွေ တောက်လျှောက်မြင်တွေ့ခဲ့ရပါတယ်။ အခု ဇွန်လအတွင်းမှာလည်း ရီးယဲလ်တိုက်စစ်မှူး မိုရာတာ၊ အာဆင်နယ်ကွင်းလယ်လူ ဝီရှိုင်းယားနဲ့ ဒေါ့မွန်နောက်ခံလူ ဘာထရာတို့ရဲ့ မင်္ဂလာပွဲတွေ ဆက်တိုက်မြင်တွေ့ရပြန်ပါတယ်။

အီတလီနိုင်ငံ ဗင်းနစ်မြို့မှာ ကျင်းပခဲ့တဲ့ မိုရာတာရဲ့ မင်္ဂလာပွဲဟာ အတော်လေးကဗျာဆန်ခဲ့သလို ဝီရှိုင်းယားကလည်း အီတလီနိုင်ငံမှာပဲ မင်္ဂလာပွဲကျင်းပခဲ့ပြန်ပါတယ်။ ပြီးခဲ့တဲ့နှစ်နွေရာသီကလည်း မန်ယူကွင်းလယ်လူ ရှဝိန်းစတိုင်ဂါက တင်းနစ်အလှဘုရင်မ အိုင်ဗန်နိုဗစ်နဲ့ အီတလီနိုင်ငံ ဗင်းနစ်မြို့မှာ မင်္ဂလာပွဲဆင်နွှဲခဲ့ပါသေးတယ်။ ဝီရှိုင်းယားက "မစ္စစ်ဝီရှိုင်းယားရေ၊ ကိုယ့်ရဲ့ အိပ်မက်သတို့သမီးရေ ဒီစနေနေ့မှာပဲ ကိုယ်တို့နှစ်ယောက်ရဲ့ မင်္ဂလာရက်မြတ်ဖြစ်ခဲ့ပြီနော်၊ ကြွရောက်ချီးမြှင့်တဲ့ မိတ်ဆွေတွေအကုန်လုံးကိုလည်း ကျေးဇူးတင်တယ်လို့ ပြောပါရစေ" စသဖြင့် စာသားကိုရေးသားပြီး မင်္ဂလာဆောင်ပုံတွေကို ဝေဝေဆာဆာ တင်ခဲ့တာဖြစ်ပါတယ်။ ကစားသမားတွေအတော်များများ မင်္ဂလာပွဲကျင်းပတဲ့နေရာဟာ ရှေးဟောင်းအမွေအနှစ်တွေအများအပြားရှိတဲ့ အီတလီနိုင်ငံကိုပဲ ရွေးချယ်ကြတာများပါတယ်။

ဒီနှစ်ထဲမှာ ကျင်းပတဲ့ မင်္ဂလာပွဲတွေကြားနေရာဒေသကို ထည့်မတွက်ဘဲ အနည်းငယ်ထူးခြားမှုရှိတဲ့ မင်္ဂလာဆောင်နှစ်ခုကတော့ ဘိုင်ယန်ဂိုးသမား နျူအာနဲ့ ဒေါ့မွန်နော်ကခံလူ ဘာထရန်တို့ရဲ့ မင်္ဂလာပွဲပါ။ ရီးယဲလ်နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဒဏ်ရာရသွားခဲ့တဲ့ ဘိုင်ယန်ဂိုးသမား နျူအာက ခွဲစိတ်ကုသမှု ခံယူထားတာကြောင့် သူ့ရဲ့ မင်္ဂလာဆောင်ကို ချိုင်းထောက်အသုံးပြုခဲ့ရပေမယ့် ဒေါ့မွန်အသင်း ကားဗုံးပေါက်ကွဲမှုကြောင့် ခါးဒဏ်ရာရရှိခဲ့တဲ့ ဘာထရန်ကတော့ ဘာထောက်ကူပစ္စည်း အကူအညီမပါဘဲ မင်္ဂလာပွဲကို ဆင်နွှဲနိုင်ခဲ့တာဖြစ်ပါတယ်။ ဘာထရန်ဟာ ဂရင်းပရီမော်တော်ဆိုင်ကယ်ပြိုင်ပွဲသတင်းတွေကိုရေးသားတဲ့ သတင်းထောက်မလေး မာလီဇာ ဂျာမီနက်ဇ်နဲ့ လက်ထပ်ပွဲကို နွှဲခဲ့တာဖြစ်ပါတယ်။ မင်္ဂလာဆောင်ဓာတ်ပုံတွေ တင်ခဲ့ရာမှာ " ဆန္ဒတွေ၊ အိပ်မက်တွေအားလုံး ပြည့်ဝသွားပါပြီ။ ရာသီသစ်အတွက်လည်း အားအင်ပြည့်နဲ့ကစားဖို့ အဆင်သင့်ပါပဲ" လို့ ရေးသားခဲ့ပါသေးတယ်။



a'|hefemufblbmx&efU*vmaqmif



tmqif,fuifv,fvlOD;f,m;r*vmaqmif

ကစားသမားအများစုဟာ ယူရိုဖလား၊ ကမ္ဘာ့ဖလားပြိုင်ပွဲတွေ မရှိတဲ့ ကြားနှစ်တွေမှာပဲ မင်္ဂလာပွဲဆင်နွှဲလေ့ရှိကြတာကြောင့်လည်း ဒီ ၂၀၁၇ ခုနှစ်မှာ ကစားသမားအများစုရဲ့ မင်္ဂလာဆောင်တွေကို ဆက်တိုက်မြင်တွေ့နေရတာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ၂၀၁၇ ခုနှစ်ဟာ ဘောလုံးစူပါစတားများရဲ့ မင်္ဂလာနှစ်လို့ သတ်မှတ်နိုင်လောက်အောင် တစ်ယောက်ပြီး တစ်ယောက် မင်္ဂလာပွဲတွေ ဆင်နွှဲနေတာတော့ အမှန်ပဲဖြစ်ပါတယ်။

## အမျိုးသမီးများအတွက် သတင်းကောင်းဖြစ်လာတဲ့ အားကစားလောက ဆုကြေးများ

အားကစားလောကတွင်း နှစ်များစွာအခြေတည်လာတဲ့ အမျိုးသမီးတွေနဲ့ အမျိုးသားတွေကြား ဆုကြေးငွေရရှိမှု ကွာခြားတဲ့ ပြဿနာဟာ ၂၀၁၅ ခုနှစ် ဒီဘက်ပိုင်းမှာ သိသိသာသာ လျော့နည်းကျဆင်းလာကာ ၂၀၁၇ခုနှစ်မှာတော့ ၈၃ ရာခိုင်နှုန်းလောက်အထိ တန်းတူခံစားခွင့်ရရှိလာခဲ့တာသိရပါတယ်။ ဘီဘီစီအားကစားဌာနက ဦးဆောင်လုပ်တဲ့ သုတေသနလုပ်ငန်းရဲ့ ထုတ်ပြန်ချက်အရဆိုရင် အားကစားနည်းစုစုပေါင်း ၈၃ ရာခိုင်နှုန်းမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ လစာနှုန်းထားအတူတူရရှိနေကြပါပြီ။ ခရစ်ကတ်၊ ဘောလုံး၊ ဂေါက်သီးရိုက်ကစားနည်းတွေမှာ ဆုကြေးငွေ၊ လစာနှုန်းထားတွေ ကွာဟဆဲဖြစ်ပေမယ့် ဒီနယ်ပယ်တွေမှာလည်း အမျိုးသမီးတွေရဲ့လုပ်ခလစာ၊ ဆုကြေးငွေတွေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေပြီဖြစ်ပါတယ်။

ဒါပေမယ့် ကမ်းပါးဒိုင်ဗင်၊ စကိတ်ခုန်၊ အိမ်တွင်းမြားငယ်ပစ်၊ စနူကာတို့လို ကစားနည်းတွေမှာတော့ လစာတူခံစားခွင့်ရကြပြီလို့ သိရပါတယ်။ ဘီဘီစီဟာ ဒီသုတေသနကို ကမ္ဘာတစ်ဝန်းအားကစားအဖွဲ့ချုပ်တွေကို ဆက်သွယ်ပြီးကာမှ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ထုတ်ပြန်ချက်မှာ အားတက်စရာအချက်တစ်ခုကတော့ အမျိုးသမီးတွေအနေနဲ့ လစာနှုန်းထားတွေ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခံစားခွင့်ရလာသလို သူတို့တွေ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲအဆင့်လည်း ပိုမိုတိုးတက်လာမှုရှိ လာခြင်းဆိုတာပါပဲ။ ဆိုတာက အထောက်အပံ့ကောင်းကောင်း ရရှိလာရင် ဝင်ရောက်ယှဉ်ပြိုင်သူတွေလည်း လုပ်အားရှိလာကြတဲ့အတွက် ပြိုင်ပွဲအတွက် ရာနှုန်းပြည့် အာရုံစိုက်နိုင်ခြင်းဆိုတဲ့ ရလဒ်ပါရလာတာဖြစ်ပါတယ်။ ဒါ့အပြင် ရှေ့ကပြိုင်ပွဲဝင်တွေရဲ့ အခြေအနေက နောက်လူတွေအတွက် နမူနာထားစရာဖြစ်တာကြောင့်လည်း စိတ်ဝင်စားတဲ့ အားကစားနည်းတစ်ရပ်ကို ခြေစုံပစ်ဝင်လိုတဲ့ အမျိုးသမီးငယ်တွေအတွက် ရွေးချယ်မှုကို ပိုမိုအလေးသာစေခြင်းပဲဖြစ်ပါတယ်။



အမျိုးသမီးနဲ့ အမျိုးသားများကြား ခံစားခွင့်ကွာဟချက်အများဆုံးပြိုင်ပွဲတွေကတော့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖြစ်ပြီး အမျိုးသားဘောလုံးအသင်းတွေက ပေါင် ၃၅၀၀၀၀၀၀ ခံစားခွင့်ရနေချိန်မှာ အမျိုးသမီးတွေကတော့ ပေါင် ၂၀၀၀၀၀၀နှုန်းသာ ဖြစ်နေတာ တွေ့ရပါတယ်။ ဒီသုတေသနပြုထုတ်ပြန်ချက်ဟာ အားကစားလောကတွင်း ကျင်လည်နေတဲ့ အမျိုးသမီးတွေအတွက် သတင်းကောင်းအဖြစ်သာမက ကျန်နယ်ပယ်တွေမှာ လှုပ်ရှားနေကြတဲ့ အမျိုးသမီးထုအတွက် ကြီးမားတဲ့ မျှော်လင့်ချက်ကို ဆောင်ကျဉ်းပေးနိုင်တယ်ဆိုတာတော့ အမှန်တရားပဲ ဖြစ်ပါတယ်။

## အာဆင်နယ်ပရိသတ်တွေကို မျှော်လင့်ချက်တွေ ပေးခဲ့ပြန်လေတဲ့ မက်ပီ



မက်ပီဆိုတာ ပြင်သစ်သား ဆယ်ကျော်သက်တိုက်စစ်မှူးလေး။ ဒီထက်ထူးခြားတာက ပြီးခဲ့နှစ်အတွင်း သွင်းဂိုး ၂၆ ဂိုးသွင်းယူပြီး မိုနာကိုအသင်းကို ပြင်သစ်ပထမတန်းဖလားနဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်ထိ တက်လှမ်းနိုင်အောင် ထောက်ကူနိုင်ခဲ့သူလေးပေါ့။ ဒီတော့ ဥရောပအသင်းကြီးတွေရဲ့ မျက်လုံးတွေ၊ အာရုံတွေကို အဆွဲဆောင်နိုင်ဆုံး ကစားသမားအဖြစ် ထိပ်ဆုံးက ရှိနေသလို သူ့ရဲ့ ပြောင်းရွှေ့ကြေးဟာ ကြမ်းခင်းဈေးကပဲ ပေါင်သန်း ၁၀၀ကနေ စပေါက်နေတာကြောင့် မက်ပီဘယ်သွားမလဲဆိုတာ အားလုံးက သိချင်နေကြတဲ့ မေးခွန်းတစ်ရပ်အဖြစ်လည်း ရှိနေပါသေးတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကပဲ မက်ပီက သူ့ကို ကမ်းလှမ်းထားတဲ့ အသင်းတွေ များစွာရှိပေမယ့် သူသွားချင်တဲ့ တစ်ခုတည်းသောအသင်းက ရီးယဲလ်သာ ဖြစ်တယ်လို့ ဆိုခဲ့တာကြောင့် မက်ပီကို အလိုရှိနေတဲ့ မန်ယူ၊ မန်စီးတီး၊ ပီအက်စ်ဂျီနဲ့ အာဆင်နယ်အသင်းတွေအတွက် သတင်းဆိုးဖြစ်ခဲ့ရပါတယ်။ မှန်ပါတယ်၊ မက်ပီဟာ အားလုံးသိထားပြီးဖြစ်တဲ့အတိုင်း ရီးယဲလ်ရဲ့ အမာခံပရိသတ်၊ ရီးယဲလ်ကစားသမားတွေရဲ့ ပိုစတာတွေ ခန်းလုံးပြည့်နေရာယူတဲ့အထိ နေရာပေးထားသူဖြစ်ပါတယ်။ သူစံထားတဲ့ စီရိုနယ်လ်ဒိုနဲ့ ရီးယဲလ်တိုက်စစ်ပိုင်းမှာ အတူတကွ တွဲဖက်ကစားခွင့်ရနိုင်ဖို့ ရီးယဲလ်ကိုသာ ရွေးချယ်လိမ့်မယ်လို့ အများစုက တစ်ထစ်ချယုံကြည်ပြီးကာမှ မက်ပီရဲ့ နောက်ဆုံးလုပ်ဆောင်ချက်တစ်ရပ်က အာဆင်နယ်ပရိသတ်တွေရဲ့ ပျောက်ဆုံးခဲ့ပြီးသားအိပ်မက်ကို ပြန်အသက်ဝင်သွားစေခဲ့ပြန်ပါတယ်။

ဒါပေမယ့် မက်ပီဟာ အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ရဲ့ ပုံတွေကို ကြိုက်နှစ်သက်မှု ပေးခဲ့တာကို တွေ့ကြရပြီးနောက်မှာတော့ အာဆင်နယ်ကို မက်ပီ စိတ်ဝင်စားမှု အနည်းငယ်ရှိတယ်ဆိုတဲ့ ဂန်းနား ပရိသတ်တွေအတွက် မျှော်လင့်ချက် ပါးပါးလေး ဖြစ်ထွန်းလာခဲ့ကြပါတယ်။ သိပ်မကြာခင်မှာ အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်ရဲ့ အင်စတာဂရမ်စာမျက်နှာထက်တင်ထားတဲ့ပုံကို ကြိုက်နှစ်သက်မှု ထပ်ပေးခဲ့တာကြောင့် ဒါဟာ အာဆင်နယ်ကို လာရောက်လိုတယ်လို့ ကောက်ချက်ဆွဲမှုတွေ ရှိလာပြီးနောက် တတိယမြောက်အာဆင်နယ်ကစားသမားတစ်ဦးကို ကြိုက်နှစ်သက်မှု ထပ်မံပေးခဲ့ပြန်ပါတယ်။ ဒီကစားသမားဟာ အာဆင်နယ်အသင်းဝါရင့်ကစားသမားတွေဖြစ်တဲ့ ကိုစီယယ်နီ၊ ပီတာဆက်ချ်တို့လို ကစားသမားတွေမဟုတ်ဘဲ အာဆင်နယ်အသင်းရဲ့ ဆယ်ကျော်သက် ကစားသမား ရီနယ်အဒယ်လီဖြစ်နေတာပဲဖြစ်ပါတယ်။

အာဆင်နယ်နည်းပြ ဝင်းဂါးကတော့ ပြောင်းရွှေ့ကြေးချင်းတူရင်တောင် ကောဇောနီခင်းကြိုဆိုမှုမျိုးဟာ အာဆင်နယ်တစ်သင်းတည်းမှာပဲ ရရှိလိမ့်မယ်ဆိုတဲ့စကားနဲ့ စည်းရုံးခဲ့တာကြောင့် ဒီစကားအပေါ်ပဲ မက်ပီယုံကြည်ခဲ့သလားဆိုတာတော့ ကာယကံရှင်သာ သိပါလိမ့်မယ်။

# စောင့်၍မျှော်သည် ငွေရတုပွဲဆီ

ဇော်စိန်မြင့်

'ခေါင်းလောင်းသံ တညံညံပေးတဲ့
ရွာကျောင်းကို ပြေးမြင်မိရင်
